# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ – ၁၈၂)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၇၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာ – တရုတ် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား တက်ရောက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာ - တရုတ် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၇

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသော ဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် Qingdao International Conference Center ရှိ Anren ခန်းမ၌ ကျင်းပသည့် မြန်မာ – တရုတ် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## ယနေ့ ဖတ် စ ရာ


**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၅၃၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ** — ပြည်တွင်းသတင်း စာ ၄

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း** — ပြည်တွင်းသတင်း စာ ၅

**စားသုံးဆီဖူလုံရေးနှင့် တိရစ္ဆာန် အစားအစာ လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်သည့် ပဲပုပ်သီးနှံ** — ဆောင်းပါး စာ ၁၆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်ဥက္ကဋ္ဌ မစ္စ ရှန်ယွဲ့ယွဲ့ (Ms.Shen Yueyue) အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်ဥက္ကဋ္ဌ မစ္စ ရှန်ယွဲ့ယွဲ့ (Ms.Shen Yueyue) တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ❐ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို အခြေခံ၍ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို တိုးတက်အောင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးနှင့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုံခြုံရေး အပြည့်အဝရရှိရေး ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ တရားမဝင်နယ်စပ်ဖြတ်ကျော်မှု၊ အွန်လိုင်းလောင်းကစားများပပျောက်ရေးနှင့် မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ နှစ်နိုင်ငံ သတင်းအချက်အလက် ဖလှယ်ရယူရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ဖော်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဖော်ဆောင်ရေးအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

◆ *ရှေ့ဖုံးမှ*

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်ဥက္ကဋ္ဌ မစ္စ ရှန်ယွဲ့ယွဲ့ (Ms. Shen Yueyue) နှင့်အတူ ရှန်တုန်းပြည်နယ်ကော်မတီ အတွင်းရေးမှူး မစ္စတာ လင်းဝူ(Mr.Lin Wu)၊ ရှန်တုန်းပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် အုပ်ချုပ်ရေးမှူး မစ္စတာ ကျိုးနိုင်ရှောင် (Mr.Zhou Naixiang)၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အိမ်နီးချင်းကောင်း၊ မိတ်ဖက်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စ ဆွေလီ (Cui Li)နှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို အခြေခံ၍ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို တိုးတက်အောင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးနှင့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုံခြုံရေး အပြည့်အဝရရှိရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ တရားမဝင်နယ်စပ်ဖြတ်ကျော်မှု၊ အွန်လိုင်းလောင်းကစားများ ပပျောက်ရေးနှင့် မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ နှစ်နိုင်ငံ သတင်းအချက်အလက် ဖလှယ်ရယူရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်ဖော်ဆောင်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဖော်ဆောင်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်ဥက္ကဋ္ဌတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### ဂုဏ်ပြုညစာစားပွဲတက်ရောက်

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်တက်ရောက်ရန် ရောက်ရှိနေသည့် ကိုယ်စားလှယ်များနှင့်အတူ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ဥက္ကဋ္ဌက Qingdao International Conference Center ရှိ Yellow River ခန်းမ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်ရှိနေ

နေပြည်တော် ဇူလိုင် ၇

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးပိုနေမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ရှိ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြင့်နှင့်အတူ ဇူလိုင် ၅ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ အနီးစခန်းလေဆိပ်သို့ ရောက်ရှိရာ လေယာဉ်ကွင်း အဆင့်မြှင့်တင်ရေး လေ့လာဆန်းစစ်မှု အခြေအနေများကို လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မြစ်ငယ်ရှိ မြန်မာ့မီးရထား၏ လူစီးတွဲနှင့်ကုန်တွဲစက်ရုံမှ စက်ရုံဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်စဉ်။

**ကြည့်ရှုစစ်ဆေး**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြင့်၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၆ ရက် နံနက်ပိုင်းက မြန်မာ့မီးရထား မန္တလေးဘူတာကြီးသို့ ရောက်ရှိကြရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရထားသွားလာရေး လုပ်ငန်းများ၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း အခြေအနေများကို တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက မန္တလေးဘူတာကြီး ယာဒ်ဝင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဘူတာကြီး၌ တပ်ဆင်ထားသော လုံခြုံရေးစနစ်ကို အချိန်ပြည့် ထိရောက်စွာ စောင့်ကြည့်ထိန်းချုပ်မှု ရရှိနိုင်ရေးအတွက် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း ကိုင်တွယ်ထိန်းချုပ်မှုကို ဆောင်ရွက်ရေး၊ မြန်မာ့မီးရထားနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့ ညှိနှိုင်း၍ ရထားဖြင့် ချောစာပို့လုပ်ငန်း ပိုမိုထိရောက်စွာ ပို့ဆောင်ရေး၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စများကို အထူးဂရုပြု ဆောင်ရွက်ပေးရေး လိုအပ်ချက်များကို မှာကြားကာ ဘူတာယာဒ်ဝင်း အတွင်း ပလက်ဖောင်းအမြင့် မြှင့်တင်ခြင်း ကိစ္စ၊ တွဲပြင်ရုံနှင့် ပါဆယ်ရုံတို့၌ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**လက်ဆောင်များပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည်မန္တလေးမြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်း၌ မန္တလေးမြို့တွင် အခြေစိုက်၍ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ တာဝန်ခံအရာရှိများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းကောင်းများ ပီသစွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရေး၊ ဌာနအလိုက် ရုံးများ၊ အိမ်ရာများ၌ ဝန်ထမ်းများနှင့် မိသားစုများ၏ လိုအပ်ချက်များကို သိရှိအောင် အစဉ်အမြဲ စစ်ဆေး၍ ဖြည့်ဆည်းပေးနိုင်ရေး၊ လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာအောင် လေ့ကျင့်ပေးရေးတို့ကို မှာကြားကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာ လက်ဆောင်များ ပေးအပ်သည်။

**နေ့လယ်စာသုံးဆောင်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြစ်ငယ်ရှိ မြန်မာ့မီးရထား၏ လူစီးတွဲနှင့် ကုန်တွဲစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအမှတ် (၃) လုပ်ငန်းခွင်နေရာ၌ စက်ရုံဝန်ထမ်းများနှင့် အတူတကွ နေ့လယ်စာကို သုံးဆောင်သည်။

ဆက်လက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံ့ဝန်ထမ်းများ ပီသစွာဖြင့် မိမိဌာန၏ လုပ်ငန်းရည်မှန်းချက်များ ပြည့်မီစွာ အကောင်အထည်ဖော် စွမ်းဆောင်နိုင်ရေး၊ စာကြည့်တိုက်များ၌ လုပ်ငန်းနှင့်သက်ဆိုင်သည့် ဘာသာရပ် စာအုပ်စာပေများကို ထားရှိ စီစဉ်ပေးပြီး ဝန်ထမ်းများ ဖတ်ရှုလေ့လာ၊ အသိပညာ ဗဟုသုတတိုးပွားစေရေး၊ ဝန်ထမ်းအိမ်ရာများ သန့်ရှင်းပြီး စနစ်တကျရှိစေရန် စစ်ဆေး၍ လိုအပ်သည့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးရေးတို့ကို မှာကြားကာ စက်ရုံဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**စုံလင်စွာဝယ်ယူစုဆောင်း**

ထို့နောက် စက်ရုံမှူး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ တင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားပြီး စက်ရုံအတွင်း လူစီးတွဲများ မွမ်းမံပြင်ဆင်မှု၊ ကုန်သေတ္တာတင် ကွန်တိန်နာတွဲများ တည်ဆောက်ပြီးစီးမှု လုပ်ငန်းခွင်များသို့ လှည့်လည်ကြည့်ရှုကာ တွဲတည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သည့် ပစ္စည်းအမျိုးအမည်များ စုံလင်စွာ ဝယ်ယူစုဆောင်းရရှိနိုင်ရေး မှာကြားသည်။

ယင်းနောက် မြစ်ငယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက် ကုသနေသည့် ဝန်ထမ်းလူနာများကို နှုတ်ဆက်အားပေး၍ စားသောက်ဖွယ်ရာများ လက်ဆောင်ပေးအပ်ပြီး ဆေးရုံသုံးပစ္စည်းများရရှိမှု၊ အသုံးပြုနိုင်မှု အခြေအနေများကို စစ်ဆေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

**လိုအပ်ချက်များမှာကြား**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် မန္တလေးဘူတာကြီးမှ RBE ရထားဖြင့် စီးနင်းလိုက်ပါပြီး မန္တလေး-သာစည်မှ တစ်ဆင့် မိတ္ထီလာ ဘူတာအထိ ရထားလမ်းပိုင်း၏ သံလမ်း၊ တာပေါင်များနှင့် တံတားများ ကြံ့ခိုင်မှု အခြေအနေ၊ ဘူတာများ သန့်ရှင်းမှုနှင့် စနစ်တကျရှိမှု၊ ရထားလမ်းနှင့် ကားလမ်းကူးနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကာ ရထားအမြန်နှုန်း မြှင့်တင်နိုင်ရေးအတွက် လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရွှေတောင်မြို့နယ်၌ ကိုယ်လုံပညာနှင့် ဓားသိုင်းသင်တန်းဖွင့်

**ရွှေတောင် ဇူလိုင် ၇**

ရွှေတောင်မြို့နယ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြို့နယ်အားကစားခန်းမ၌ ယနေ့ နံနက်ပိုင်းက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ ကိုယ်လုံပညာနှင့် ဓားသိုင်းသင်တန်းဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမြအေးက ကိုယ်ခံပညာများ တတ်မြောက်ထားခြင်းဖြင့် အမျိုးသမီးငယ်များ အန္တရာယ်များကို မိမိကိုယ်တိုင် ခုခံကာကွယ် စောင့်ရှောက်နိုင်စေရန်နှင့် ကိုယ်ခန္ဓာကြံ့ခိုင် သန်စွမ်းလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နုနုဖြိုး၏ ကြီးကြပ်မှုဖြင့် နည်းပြနည်းစနစ်မှူး ဒေါ်သပြေနှင့် သင်တန်းနည်းပြ နှစ်ဦးတို့က ကိုယ်လုံပညာ (၆၃) ဘောင်းနှင့် ဓားသိုင်းအခြေခံတို့ကို လက်တွေ့ ပြသပေးသည်။(အောက်ပုံ)

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလ နှစ်ရက် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**



## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၅၃၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့်FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်း ဖြစ်ပေါ်မှုများအရ ဇူလိုင် ၈ ရက်မှ ဇူလိုင် ၁၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၃၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၇-၇-၂၀၂၄)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် (၂၅-၆-၂၀၂၄)ရက်နေ့မှစတင်၍ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုအဆင့်ကွင်းဆင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သည့် ကွင်းဆင်းအဖွဲ့များနှင့်ပူးပေါင်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရောဂါဖြစ်ပွားရာ မြို့နယ်၊ ရပ်ကွက်၊ နေအိမ်များသို့ ကွင်းဆင်း၍ လူနာတွေ့ရှိရာနေရာသို့ ဦးတည်ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ (Case-Area Targeted Intervention)ဖြစ်သည့် လူနာများ နေထိုင်ရာနေအိမ်များသို့ သွားရောက်၍ ကူးစက်မှုဖြစ်စဉ်များအား စစ်ဆေးမေးမြန်းစုံစမ်းခြင်း၊ ရောဂါပိုးထိန်းချုပ်ခြင်း၊ အနီးကပ်ထိတွေ့သူများကို Contact Treatment ပေးခြင်း၊ အနီးပတ်ဝန်းကျင်တွင် လူနာသစ်ရှာဖွေခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း၊ သောက်သုံးရေ သန့်ရှင်းရေးအတွက် ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်ဆေးပြားများဝေခြင်း၊ အစားအစာ သန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား နီးနွယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံကြီးများတွင်လည်း ဝမ်းပျက်ဝမ်းလျှောရောဂါလူနာများအား စနစ်တကျ ဆေးကုသမှုပေးလျက်ရှိပြီး လိုအပ်သော ဆေးဝါးများကိုလည်း ပံ့ပိုးပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် (၇-၇-၂၀၂၄) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက် ကုသသူ လူနာသစ် (၄၄)ဦးရှိခဲ့ပြီး ၎င်းတို့အနက် နှစ်ဦးမှာ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ ဖြစ်ပွားသူလူနာများဖြစ်ပြီး ကျန် (၄၂) ဦးမှာ သာမန် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသူလူနာများဖြစ်ကြောင်း၊ လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်းနှင့် (၆-၇-၂၀၂၄) ရက်နေ့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလူနာသစ် (၆၃) ဦးရှိခဲ့သဖြင့် ယနေ့ (၇-၇-၂၀၂၄)ရက်နေ့တွင် လူနာသစ်တွေ့ရှိမှုဦးရေ ကျဆင်းလာကြောင်း ရောဂါစောင့်ကြပ်ကြည့်ရှုမှု သတင်းအချက်အလက်များအရ တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေါပုံမြို့နယ်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်၍ လူနာသစ်ရှာဖွေခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဇူလိုင်လဆန်းပိုင်း အထူးသဖြင့် ဇူလိုင်လ (၄)ရက်နေ့မှ (၆)ရက်နေ့အတွင်း ဆေးရုံတက်လူနာများ မြင့်တက်ခဲ့သော်လည်း အများစုမှာ သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများသာဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယခုအခါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအားပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အတွက် အချိန်တိုအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုအား အကောင်းဆုံးထိန်းချုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ကျောက်တန်း ဇူလိုင် ၇**

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တန်းမြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဇူလိုင် ၇ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များနှင့် ရပ်ကွက်နေပြည်သူများကို အသိပညာပေး ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ ရှေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်ရေလယ်ဘုရားဈေးဆိုင်တန်းမှ စားသောက်ဆိုင်များကို အသိပညာပေးခြင်း၊ မြို့ပေါ်ရပ်ကွက်နေ ပြည်သူများကို ဝမ်းလျှော ဝမ်းပျက်ခြင်းအတွက် ဆောင်ရန် ရှောင်ရန်များကို အသိပညာပေး ဟောပြောခြင်းတို့ ဆောင်ရွက်ပြီး လက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၂၀၉)

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး

**ဝမ်းတွင်း ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့က ဝမ်းတွင်းအမှတ် (၁)ရပ်ကွက်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။ **(အောက်ပုံ)**



ရှေးဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီ ယာယီဥက္ကဋ္ဌ၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဟာမန်က သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်နှင့် သမိုင်းကြောင်း၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့်အိမ်ထောင်စု မေးခွန်းပုံစံနှင့် အဖွဲ့အစည်း မေးခွန်းများကို အသိပညာ ပေးရှင်းလင်းပြီး မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူး ဦးစိုးမင်းက တက်ရောက်လာသည့် ပြည်သူများက သန်းခေါင်စာရင်းဆိုင်ရာ မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားခဲ့ကာ မြို့နယ်သန်းခေါင်စာရင်းအဖွဲ့ဝင်များက ပြည်သူများ သိလိုသည့်အချက်များကို ပြန်လည်ဆွေးနွေးကြသည်။ ထို့နောက် ဒေသခံပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)




**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ နောင်နန်း(၈)မိုင် AG အသင်းတော်၌ ဖွင့်လှစ်ထားသည့် နေရပ်စွန့်ခွာစခန်းသို့ သွားရောက်အားပေးစကားပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

မြစ်ကြီးနား ဇူလိုင် ၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ နောင်နန်း(၈)မိုင် AG အသင်းတော်၌ ဖွင့်လှစ်ထားသည့် နေရပ်စွန့်ခွာစခန်းသို့ ရောက်ရှိပြီး နိုင်ငံတော် အကြီးအကဲက လှူဒါန်းသည့် ကျား/မ ရှပ်အင်္ကျီများ၊ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီနှင့် ကချင်ပြည်နယ် အစိုးရအဖွဲ့တို့က ထောက်ပံ့သည့် ငွေကျပ် ၉၄၃၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၅၀၊ ငါးသေတ္တာ လေးဖာ၊ ခေါက်ဆွဲခြောက် ၂၄၃ ဖာ၊ ဆီ ၁၀ ပိဿာပုံး ၂၀ နှင့် ရေသန့်ဘူးများ စသည့် အခြေခံ စားသောက်ကုန်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သည့် ငွေကျပ် ၂၇၆၈၉၀၀၀ တန်ဖိုးရှိ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာ စသည့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်သည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် ဘေးသင့်ပြည်သူများအား နိုင်ငံတော်အစိုးရ၏ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မှုများ၊ ကျန်းမာရေးနှင့် စပ်လျဉ်း၍ ကူးစက်ရောဂါများ မဖြစ်ပွားစေရေး လိုက်နာဆောင်ရွက်ရန်များ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း မြစ်ကြီးနားမြို့ နောင်နန်း(၈)မိုင် AG အသင်းတော်၌ ဖွင့်လှစ်ထားသည့် နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ မြစ်ကြီးနားမြို့ နောင်နန်း(၈)မိုင် AG အသင်းတော်၌ ဖွင့်လှစ်ထားသည့် နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

နှင့်စခန်းနေသူများ၏ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ထောက်ပံ့သော မေလနှင့် ဇွန်လက မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့သို့ ရောက်ရှိလာသော တိုက်ပွဲရှောင် အိမ်ထောင်စု ၂၅၃၇ စုမှ လူဦးရေ ၁၂၄၂၇ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၅၂၁၉၃၄၀၀ ကို ကချင်ပြည်နယ် ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ မြစ်ရေကြီးမြင့်မှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ မြေနိမ့်ပိုင်းနေရာ တစ်ခုဖြစ်သည့် ရမ်ပူရပ်ကွက် နယ်မြေ (၁၁) အတွင်း နေအိမ်များအတွင်း မြစ်ရေဝင်ရောက်ခဲ့မှု၊ နုန်းမြေများ တင်ကျန်နေမှု အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး သဘာဝဘေးအန္တရာယ် ပေါ်ပေါက်ပါက ပြည်သူများ အမြန်ဆုံး ဘေးလွတ်ရာသို့ ဖယ်ရှားနိုင်ရေး အသိပညာပေးခြင်းနှင့် ဆွေးနွေးဟောပြောခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်း

ဘားအံ ဇူလိုင် ၇



ကရင်ပြည်နယ် မွန်စာပေနှင့် ယဉ်ကျေးမှုအသင်းမှ ဦးဆောင်ကျင်းပသော မွန်ရိုးရာယဉ်ကျေးမှု အမွေအနှစ် သင်တန်းဆင်းပွဲကို ဇူလိုင် ၇ ရက် နံနက်က ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမျိုးသားယဉ်ကျေးမှုနှင့်ဖီလာဆန့်ကျင်သော အမူအကျင့်များ၊ အရှေ့တိုင်း ယဉ်ကျေးမှုနှင့် မအပ်စပ်သည့် ပြည်ပယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာနိုင်ခြင်းမရှိစေရန် မိမိတို့၏ ရိုးရာယဉ်ကျေးမှုများ ပျောက်ကွယ်မသွားစေရန် ရည်ရွယ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေကျပ် သိန်း ၁၅၀ ကို သင်တန်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌထံ ပေးအပ်ချီးမြှင့်ရာ သင်တန်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးစောထွန်းအောင်က သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ကရင်ပြည်နယ် မွန်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ မင်းဇော်မင်းဦးက သင်တန်း ဖွင့်လှစ်ခဲ့ရခြင်းနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး သင်တန်းသား သင်တန်းသူများက မွန်ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

မွန်ရိုးရာယဉ်ကျေးမှု အမွေအနှစ် အဆို၊ အက၊ အတီး သင်တန်းကို ဇွန် ၃ ရက်မှ ဇူလိုင် ၃ ရက်အထိ လှိုင်းဘွဲ့မြို့နယ် ဒေါ်လန်းတိုက် ကျောင်း၌ သင်ကြားဖွင့်လှစ်ပြီး သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ကြကာ မွန်ရိုးရာယဉ်ကျေးမှု မိကျောင်းတူရိယာ၊ လခြမ်းတူရိယာနှင့် ပတ္တလားတူရိယာ တီးခတ်နည်းသင်တန်း၊ အဆိုသင်တန်းနှင့် အကသင်တန်းတို့ကို ပူးတွဲသင်ကြားပို့ချပေးခဲ့သည်ဟုသိရှိရပြီး အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက်ရောက်လာသော သင်တန်းသား သင်တန်းသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်မြို့၌ ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နည်းပညာပေးသင်တန်းဖွင့်

ပြည် ဇူလိုင် ၇

ပြည်မြို့ ဇီးအုပ်ကျေးရွာ တောင်သူလယ်သမားသင်တန်းကျောင်း၌ ယမန်နေ့နံနက်ပိုင်းက ဝါစိုက်သမဝါယမအသင်းသားတောင်သူများအား ပြည်မြို့နယ် သမဝါယမဦးစီးဌာနမှူးကြီးမှူး၍ ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နည်းပညာပေးသင်တန်းဖွင့်လှစ်သည်။

အခမ်းအနားတွင် ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။(**အောက်ပုံ**)



အဆိုပါ သင်တန်းသို့ ပြည်ခရိုင်အတွင်းရှိ ပြည်မြို့နယ်မှ ဝါစိုက်သမဝါယမအသင်းသားတောင်သူ ၃၅ ဦးနှင့် ပေါက်ခေါင်းမြို့နယ်မှ ဝါစိုက်သမဝါယမအသင်းသားတောင်သူ ၄၅ ဦး စုစုပေါင်း သင်တန်းသား ၈၀ တက်ရောက်ကြပြီး သင်တန်းနည်းပြ ငါးဦးတို့က စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုစိုး(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၇

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ **မိုး/ဇလ**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်ရှိသည်များကို ယခုထက်အရှိန်အဟုန်မြှင့်ပြီး အသင့်ဖြစ်အောင်ဆောင်ရွက်ထား

**နေပြည်တော် ဇူလိုင် ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (စတုတ္ထအကြိမ်) ကို ယနေ့နံနက် ၉ နာရီက တည်းခိုရေးစခန်း (ရွာတော်) ရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

**မဲစာရင်းများ ပြည့်စုံမှန်ကန်စေရန်**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ကော်မရှင်အနေဖြင့် အခြေခံမဲစာရင်းများ ပြည့်စုံမှန်ကန်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့ရာ ယခုဆိုလျှင် လေးကြိမ်အထိ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်း ၄၃၁ ဦးနှင့် အွန်လိုင်းဖြင့် တက်ရောက်သူ ၃၀၃ ဦး စုစုပေါင်းဝန်ထမ်း ၇၃၄ ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း၊ ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပဆောင်ရွက်ခြင်းသည် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်၏ အားနည်းချက်များ၊ အခက်အခဲများကို ဆွေးနွေးအဖြေရှာပြီး မဲစာရင်းများပြုစုရာတွင် လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်နှင့် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရန်ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲစာရင်းမှားယွင်းမှုများကို စစ်ဆေးဆောင်ရွက်ပြီးချိန်မှစ၍ မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် အခြေခံမဲစာရင်းများ ပြည့်စုံမှန်ကန်ရေးသာမက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲအကြိုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နှံ့စပ်နေအောင် ကြိုတင်လေ့လာထားကြရန် မှာကြားလိုကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်ရှိသည်များကို ယခုထက် အရှိန်အဟုန်မြှင့်ပြီး အသင့်ဖြစ်အောင် ဆောင်ရွက်ထားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။




အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများ တက်ရောက်ကြပြီး ဇူလိုင် ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၄ ရွှေမန်း မောင် မယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်

**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၊ တိုင်းဒေသကြီးကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီမှကြီးမှူး၍ ၂၀၂၄ ခုနှစ် ရွှေမန်းမောင်မယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိဗထူးမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်နှင့်ဇနီး တက်ရောက်သည်။

အဆိုပါ ပြိုင်ပွဲ၌ ရွှေမန်းမောင် 70 Kg အထက် ပြိုင်ပွဲဝင် ၁၆ ဦး၊ ရွှေမန်းမောင် 70 Kg အောက် ပြိုင်ပွဲဝင် ၁၇ ဦး၊ Men's Athletic Physique ပြိုင်ပွဲဝင် ၂၇ ဦး၊ Men's Sports Physique (170 cm) အထက် ပြိုင်ပွဲဝင် ၂၂ ဦး၊ Men's Sports Physique (170 cm) အောက် ပြိုင်ပွဲဝင် ၁၄ ဦး၊ Women's Model Physique (160 cm) အထက်ပြိုင်ပွဲဝင် ခြောက်ဦး၊ Women's Model Physique (160 cm) အောက် ပြိုင်ပွဲဝင် ခြောက်ဦး၊ Women's Athletic Physique ပြိုင်ပွဲဝင် ငါးဦးနှင့် အလွတ်တန်း ကာယဗလမောင်ပြိုင်ပွဲဝင် ငါးဦးတို့က သက်ဆိုင်ရာပြိုင်ပွဲအမျိုးအစားအလိုက် သတ်မှတ်ကိုယ်ဟန်များဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အလွတ်တန်း ကာယဗလမောင်ပြိုင်ပွဲတွင် ရွှေမန်းမောင်ဆုရရှိသော မောင်ချမ်းမြေ့ထွန်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက Women's Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသော မဝါဝါအောင်အား ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ငူခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တောင်ငူ ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့က တောင်ငူခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူကွန်ပျူတာတက္ကသိုလ် အစည်းအဝေးခန်းမ၌ တောင်ငူကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အိအိလှိုင်က ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) နှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)တို့၏ ထင်ရှားကျော်ကြားသည့် ဘုရား၊ ပုထိုး၊ စေတီများ၏ နောက်ခံသမိုင်းကြောင်း၊ ကြည့်ရှုလေ့လာရမည့် ထင်ရှားသည့်နေရာများ၊ သွားရောက်ရမည့် ဒေသလမ်းညွှန် မြေပုံများ၊ အထင်ကရ ဘုရားပွဲတော်များ စသည်တို့ကို တစ်နေရာတည်းလေ့လာဖတ်ရှုနိုင်သည့် Pagoda Digital Directory website တည်ဆောက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး Pagoda Digital Directory website ဆောင်ရွက်နေသည့် တောင်ငူကွန်ပျူတာတက္ကသိုလ် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့ ခပေါင်းခန်းမသို့ ရောက်ရှိပြီး ဘက်စုံပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးကာ တောင်ငူမြို့ လဲဘူးကျေးရွာရှိ ကောင်းမှုတော်စေတီတော်သို့ သွားရောက်ဖူးမြော်ပြီး စေတီတော်အား ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တောင်ငူမြို့ ပတ်တန်းကျေးရွာအုပ်စု၌ ပဲခူးတိုင်းဒေသကြီးမှ ထုတ်လုပ်သည့် လက်ဆွဲ ကောက်စိုက်စက်ဖြင့် တစ်ကွင်းတစ်ဆက်တည်း မြေဧရိယာဧက ၁၅၀ မိုးစပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အုတ်တွင်းမြို့နယ် ငွေးထောက်ခင်ကျေးရွာအုပ်စု တောင်သူ ဦးဆန်းထွန်းဝင်း၏ ရော်ဘာခြံ ၁၀ ဧကအတွင်း ရှိဘက်စတာ ကော်ဖီသီးညှပ် စိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဖြူးမြို့နယ် ခင်တန်းကြီးကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူထားသည့် ဦးမျိုးကျော်၏ နို့စားနွား(ဖရီရှန်)မျိုး မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပုဗ္ဗသီရိမြို့နယ်၌ မိုးမြေပဲ လျာထားဧက ၁၆၃၆ ဧကအနက် ၂၅၆ ဧက စိုက်ပျိုးပြီးစီး

**ပုဗ္ဗသီရိ ဇူလိုင် ၇**

ပုဗ္ဗသီရိမြို့နယ်၌ ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးမြေပဲ လျာထားဧက ၁၆၃၆ ဧက အနက်တွင် ၂၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုဗ္ဗသီရိမြို့နယ်တွင် ယခင်နှစ် မိုးရာသီ မိုးမြေပဲ ၁၆၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧက ပျမ်းမျှအထွက် ၄၈ ဒသမ ၅၄ ထွက်ရှိကြောင်း၊ ယခုနှစ် မိုးမြေပဲ ၂၅၆ ဧက လျာထားစိုက်ပျိုးပြီး တောင်သူများအနေဖြင့် မေလဆန်းတွင် စတင်စိုက်ပျိုးကြရာ ဇူလိုင်လအထိ ၂၅၆ ဧက စိုက်ပျိုးနိုင်ကြောင်း သိရပြီး မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ပိုးမွှားများ ကင်းစင်ရေး၊ ပေါင်းမြက်ကင်းရှင်းရေး၊ သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးပြေးဆေး ပြုလုပ်သုံးစွဲရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းကာ အသိပညာပေးလျက်ရှိရာ ပုဗ္ဗသီရိမြို့နယ်တွင် နှမ်း၊ မိုး၊ ဆောင်း ရာသီအလိုက် စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ အမျိုးမျိုး၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံမျိုးစုံစိုက်ပျိုးကြကြောင်း သိရသည်။

**သန်းသန်းနွယ်(ပုဗ္ဗ)**

# မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို) (၁၄)ကြိမ်မြောက် သက်ကြီးဟာသပညာရှင်များအား ဂါရဝပြုကန်တော့ပွဲနှင့် ဟာသပညာထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

## ဟာသပညာရှင်များအနေဖြင့် ပြည်သူများပျော်ရွှင်စေရန်ဆောင်ရွက်ပေးပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ အနုပညာအကျိုးများ ဆက်လက်ဆောင်ရွက်နိုင်ပါစေ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း "ဟာသပညာဖန်တီးမှု ထူးချွန်ဆု" ရ အနုပညာရှင် ချစ်ချော အား ဆုချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သက်ကြီးဟာသပညာရှင်များအား ကန်တော့ခံပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၇**

မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး (ဗဟို) က ကျင်းပသည့် (၁၄)ကြိမ်မြောက် သက်ကြီး ဟာသပညာရှင်များအား ဂါရဝပြုကန်တော့ပွဲနှင့် ဟာသပညာ ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ Plenary Hall ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးရဲတင့်နှင့် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကန်တော့ခံသက်ကြီးဟာသပညာရှင်များ၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး (ဗဟို) မှ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဟာသပညာရှင်များ၊ အနုပညာနယ်ပယ် အသီးသီးမှ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

### သီဆိုဖျော်ဖြေ

ရှေးဦးစွာ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို) မှ အဖွဲ့ဝင်များက အစည်းအရုံး၏ Theme Song ဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို) ပေါ်ပေါက်လာပုံ မှတ်တမ်းဗီဒီယိုကို ပြသသည်။

### ထာဝရထိန်းသိမ်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အခမ်းအနား ကျင်းပမှုနှင့်စပ်လျဉ်း၍ မှာကြားစကား ပြောကြားရာတွင် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး (ဗဟို)အနေဖြင့် သက်ကြီးဟာသပညာရှင်ကြီးများကို နှစ်စဉ်ပူဇော်ကန်တော့ခဲ့သည်မှာ ယခုဆိုလျှင် (၁၄)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများကို ပူဇော်ကန်တော့ခြင်းသည် ကောင်းမွန်သော မင်္ဂလာတရားတော်နှင့်အညီ ပြုလုပ်ကြသည့် အစဉ်အလာကောင်း တစ်ခုဖြစ်သည့်အတွက် သက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲများကို မြန်မာ့ယဉ်ကျေးမှုအနေဖြင့် အစဉ်ထာဝရ ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း။

ဟာသလူရွှင်တော်ကြီးများသည် မိမိတို့နိုင်ငံ၏ ဘာသာ၊ သာသနာနှင့် တိုင်းပြည်အကျိုးကို တတ်စွမ်းသရွေ့ ကျရာကဏ္ဍမှ ဟာသပညာဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ကြီး ဟာသပညာရှင်များ အနေဖြင့်လည်း မိမိတတ်ကျွမ်းသည့် အသိပညာ၊ အတတ်ပညာများကို လူငယ်မျိုးဆက်သစ်များအား ဟာသပညာ အပါအဝင် မြန်မာ့အနုသုခုမ ပညာရပ်များကို သင်ကြားပေးလျက် ရှိပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများကို ပါဝင်သရုပ်ဆောင်ရာတွင်လည်း ဟာသအခန်းများတွင်သာမက ကျရာဇာတ်ရုပ်များတွင် ပီပြင်စွာ သရုပ်ဆောင်နိုင်ခြင်း၊ ပြည်သူများ၏ စိတ်ညစ်ညူးမှုများ၊ အဆင်မပြေမှုများကို ပျော်ရွှင်စေအောင် ဟာသပညာဖြင့် စွမ်းဆောင်မှုပေးခြင်းများ ဆောင်ရွက်နေကြပါကြောင်း။

### ပရဟိတများဆောင်ရွက်

အသက်အရွယ်ကြီးမြင့်သည့် ဟာသ ပညာရှင်ကြီးများသည်လည်း အသက်အရွယ်ကြီးမြင့်သည့်တိုင် အနားယူမှုမရှိဘဲ မိမိတို့ဝါသနာပါသည့် ပြည်သူ့အကျိုးပြု အနုပညာ လှုပ်ရှားမှုများကို ဆောင်ရွက်နေသကဲ့သို့ လူမှုရေးနယ်ပယ်တွင်လည်း ပရဟိတလုပ်ငန်းများကိုကြိုးစားဆောင်ရွက်နေသည်ကို တွေ့မြင်ရပါကြောင်း။



ဒုတိယဝန်ကြီး ဦးရဲတင့် ဟာသပညာထူးချွန်ဆုရ အနုပညာရှင် မာမီသက်အား ထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်း ဦးဒိန်းဒေါင်အား ဂုဏ်ပြုအမှတ်တရပစ္စည်း ပေးအပ်ချီးမြှင့်စဉ်။

ယခုကဲ့သို့ တက်တက်ကြွကြွဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ပေးနေသည့် ဟာသပညာရှင်ကြီးများကို နိုင်ငံတော်အနေဖြင့်လည်း စွမ်းဆောင်မှုဆိုင်ရာ ချီးမြှင့်သည့် ဂုဏ်ထူးဆောင် တံဆိပ်များကို ပေးအပ် ချီးမြှင့်ခဲ့ပါကြောင်း၊ ဟာသပညာရှင်များ အနေဖြင့် မိမိတို့တတ်စွမ်းသည့် ပညာရပ်များကို နိုင်ငံ့အရေးနှင့် ပြည်သူများအတွက် ဆက်လက်စွမ်းဆောင်ပေးစေလိုပါကြောင်း၊ ပြည်သူများ၏ ဘဝအမောများကို ဖြေသိမ့်ပေး၍ ပြုံးပျော်ရွှင်စေသူများမှာ ဟာသပညာရှင်များပင် ဖြစ်ပါကြောင်း၊ ဟာသပညာရှင်များ အနေဖြင့် အနာဂတ်တွင် ပြည်သူများ ပျော်ရွှင်စေရန် အနုပညာ စွမ်းအားဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ရည်ရွယ်ချက်ကောင်းကောင်း၊ လှုပ်ရှားဆောင်ရွက်မှု ကောင်းကောင်းဖြင့် ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းကြီးအနေဖြင့် ယခုထက်ပိုပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ အနုပညာအကျိုးများ ဆက်လက်ဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦးဒိန်းဒေါင်က မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ခုနှစ်အတွက် "ဟာသပညာထူးချွန်ဆု"၊ "ဟာသပညာပံ့ပိုးမှု ထူးချွန်ဆု"၊ "ဟာသပညာဖန်တီးမှု ထူးချွန်ဆု" နှင့် ပရဟိတထူးချွန်မှု ဂုဏ်ပြုမှတ်တမ်းလွှာ" များ ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

### ထူးချွန်ဆုပေးအပ်ချီးမြှင့်

ဦးစွာ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းက "ဟာသပညာထူးချွန်ဆု" ရရှိသည့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ခင်လှိုင်နှင့် မြင့်မြတ် တို့ကိုလည်းကောင်း၊ "ပရဟိတထူးချွန်မှု ဂုဏ်ပြုမှတ်တမ်းလွှာ" ရရှိသည့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ထူးခန့်ကျော်ကို လည်းကောင်း ထူးချွန်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦးဒိန်းဒေါင်အား ဂုဏ်ပြုအမှတ်တရပစ္စည်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် 'ဟာသပညာထူးချွန်ဆု' နှင့် 'ပရဟိတထူးချွန်မှု ဂုဏ်ပြုမှတ်တမ်းလွှာ' ရရှိကြသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ယဉ်လတ်နှင့် ပုဏ္ဏာမိတို့က "ညီလေး" သီချင်းဖြင့်လည်းကောင်း၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် စိုးသူက "ကြည်ဖြူပါ" သီချင်းဖြင့်လည်းကောင်း၊ အငြိမ့်မင်းသမီး ကေတုမတီဘိုမက "ထန်းရွက်ပုတီး" သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

### ကျေးဇူးတင်စကားများ ပြောကြား

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က "ဟာသပညာထူးချွန်ဆု" ရရှိခဲ့ကြသည့် အနုပညာရှင် မာမီသက်နှင့် မိုးညိုတို့ကို လည်းကောင်း၊ "ဟာသပညာပံ့ပိုးမှု ထူးချွန်ဆု" ရရှိသည့် အနုပညာရှင် အုန်းဒိုင်းကို လည်းကောင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများက ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ထို့နောက် ဖိုက်စတားအဖွဲ့က စိတ်ရယ်မော ပျော်ရွှင်ဖွယ်ရာ ဟာသ ပြက်လုံးများဖြင့်လည်းကောင်း၊ နိုင်ငံကျော်အနုပညာရှင်များက တေးသီချင်းများဖြင့် လည်းကောင်း သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက "ဟာသပညာဖန်တီးမှု ထူးချွန်ဆု"

*စာမျက်နှာ ၉ သို့*

# အလုပ်သမားများ ပြည်ပနိုင်ငံများတွင် အခက်အခဲပြဿနာ တစ်စုံတစ်ရာဖြစ်ပွား၍ အကူအညီတောင်းခံလာပါက အချက်အလက်များကိုစစ်ဆေး၍ ထိရောက်စွာကူညီဆောင်ရွက်ပေး





**နေပြည်တော် ဇူလိုင် ၇**

မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၏ ကောဒသမ အကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ MELIA Yangon Hotel ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း(MOEAA)မှ အသင်းဝင်အေဂျင်စီများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်သမား ဝန်ကြီးဌာနသည် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ ပြည်ပနိုင်ငံသို့ သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားစာရင်းများ ရရှိနိုင်ရေး၊ အလုပ်သမားစေလွှတ်သည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှ ဝင်ငွေခွန်များ၊ ကုန်သွယ်ခွန်များကို စနစ်တကျ ပေးဆောင်စေ၍ နိုင်ငံတော်အတွက် ဝင်ငွေများရရှိစေရေး၊ ပြည်ပရောက် မြန်မာအလုပ်သမားများ အနေဖြင့် မိသားစု လွှဲပို့ငွေ ၂၅ ရာခိုင်နှုန်းကို တရားဝင် ဘဏ်လမ်းကြောင်းများမှတစ်ဆင့် ပြန်လည်လွှဲပို့စေရေးအတွက် တာဝန်ခံစေလွှတ်သော အေဂျင်စီများက ပြည်ပရှိ အလုပ်သမားများရှိရာသို့ သွားရောက်စည်းရုံးပြီး တရားဝင်လမ်းကြောင်းမှ ပို့ဆောင်စေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အလုပ်သမားများ ပြည်ပနိုင်ငံများတွင် အခက်အခဲပြဿနာ တစ်စုံတစ်ရာဖြစ်ပွား၍ အကူအညီ တောင်းခံလာပါက အချက်အလက်များကို စစ်ဆေး၍ ထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံအလိုက် အလုပ်သမားထွက်ခွာမှု စာရင်းများမှတစ်ဆင့် လိုအပ်သည့် မူဝါဒများ ရေးဆွဲ ချမှတ်နိုင်ရေး၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို စနစ်တကျ မှတ်ပုံတင်ထားရှိနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသဖြင့် ဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် လိုက်ပါဆောင်ရွက်လျက်ရှိသည့် MOEAA နှင့် အေဂျင်စီများအနေဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အလုပ်သမားများ၏ အကျိုး၊ အေဂျင်စီများ၏ အကျိုးကို ရှေးရှု၍ လုပ်ငန်းများ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အေဂျင်စီများအနေဖြင့် အလုပ်သမားများကို ပြည်ပနိုင်ငံများသို့ စေလွှတ်ရာတွင် သတ်မှတ်ဝန်ဆောင်ခများထက် ပိုမိုကောက်ခံခြင်းမပြုရန်၊ ကျင့်ဝတ်နှင့် လျော်ညီသည့် အေဂျင်စီများဖြစ်စေရေး လိုက်နာဆောင်ရွက်ပေးကြရန်၊ အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဌာနမှ သတ်မှတ်ထားသည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်ပါဆောင်ရွက်ကြရန်၊ အလုပ်သမားများအား ပြည်ပနိုင်ငံများသို့ စေလွှတ်ရာတွင် စနစ်တကျ မှန်မှန်ကန်ကန် စေလွှတ်ရန်၊ မိမိတို့ စေလွှတ်ထားသည့် အလုပ်သမားများအားကူညီစောင့်ရှောက်ပေးကြရန်နှင့် အလုပ်သမားများ သက်ဆိုင်ရာနိုင်ငံတွင် အခက်အခဲ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ လိုက်ပါဆောင်ရွက်၍ ကူညီဖြေရှင်းပေးရန်၊ သက်ဆိုင်ရာနိုင်ငံ၏ အလုပ်သမားဥပဒေပါ အခွင့်အရေးများ၊ အကျိုးခံစားခွင့်များ ရရှိစေရေး ကူညီ ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း(MOEAA) ဥက္ကဋ္ဌကအမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသည့် စေလွှတ်နိုင်ငံအလိုက် အေဂျင်စီများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြစ်ကြီးနားမြို့ရှိ ဝန်ကြီးဌာနဝန်ထမ်းများနှင့်တွေ့ဆုံပြီး မြစ်ကြီးနားမြို့ အမှတ်(၁) မူလတန်းကြိုကျောင်းကို ကြည့်ရှုစစ်ဆေး



**မြစ်ကြီးနား ဇူလိုင် ၇**

မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး ဝန်ကြီးဌာနအောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

### ထောက်ပံ့ပေးအပ်

တွေ့ဆုံစဉ် ရေဘေးအန္တရာယ် တွေ့ကြုံခံစားခဲ့ရမှု၊ ပြည်နယ်အစိုးရက ဆောင်ရွက်နေသော ရေဘေးအန္တရာယ် တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု၊ ဝန်ထမ်းများ၏ နေရေးထိုင်ရေးနှင့် တာဝန်ထမ်းဆောင်မှုအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် ငါးသေတ္တာဘူး ၂၀၀ နှင့် ထောက်ပံ့ငွေကျပ် ၁၈၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ မူလတန်းကြိုကျောင်း အမှတ်(၁)သို့ သွားရောက်ပြီး ကလေးများအတွက် သင်ထောက်ကူပစ္စည်းများ ထားရှိမှု၊ စာသင်ဆောင်များ၊ စားသောက်ခန်းများ၊ မီးဖိုချောင်နှင့် ကစားကွင်းများကို ကြည့်ရှုကာ အသက် ၃ နှစ်မှ ၅ နှစ်အရွယ် မူကြိုကလေးငယ်များ ငယ်စဉ်ကပင် ဗလငါးတန် ဖွံ့ဖြိုးရေး၊ စည်းကမ်းလိုက်နာတတ်ရေး၊ ဘက်စုံ ကျန်းမာရေးတို့အတွက် စနစ်တကျ လေ့ကျင့်သင်ကြားပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ရရှိခဲ့ကြသည့် အနုပညာရှင် ချစ်ချော၊ ပေါ်ဦး၊ ဒါရိုက်တာ ကိုဇော် (အာရဏ်ဦး)နှင့် ဒါရိုက်တာ မောင်သီတို့ကို ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများကိုယ်စား ကိုဇော်(အာရဏ်ဦး) က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုတော်များနှင့် ဟာသအနုပညာရှင်များက တေးသီချင်းများ၊ ရယ်မောပျော်ရွှင်ဖွယ်ဟာသပြက်လုံးများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးဒိန်းဒေါင်က အစည်းအရုံး၏ ရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့ကြသည့်အတွက် "လုပ်ငန်းစွမ်းဆောင်ရည် အကောင်းဆုံးဆု" ရရှိခဲ့ကြသည့် ဟာသအနုပညာရှင် ဦးဒေါင်းရှိန်၊ ဦးချစ်စံ၊ ဦးထက်လင်း၊ ဦးမင်းထိုက်၊ ဦးပေါ်ပေါ်၊ အငြိမ့်မင်းသမီး ဒေါ်ဝါဝါခိုင်၊ ဦးစန်းဝင်းမောင်၊ ဦးအောင်ချစ်၊ ဦးလန်ဒန်နှင့် ဦးသော်သော်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးမှ ဟာသပညာရှင်များက သက်ကြီးဟာသပညာရှင်ကြီးများအား စုပေါင်းကန်တော့ကြပြီး ကန်တော့ခံ သက်ကြီးဟာသအနုပညာရှင်များ ကိုယ်စား သက်ကြီးဟာသ အနုပညာရှင် ဦးပေါ်လေးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သက်ကြီး ဟာသပညာရှင်များကို ကန်တော့ခံပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်း အစီအစဉ်အဖြစ် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး(ဗဟို) ဒုတိယအကြိမ်မြောက်ညီလာခံကို ဆက်လက်ကျင်းပပြီး မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးအနေဖြင့် ဟာသအနုပညာရှင်များလောက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး အဖွဲ့ဝင်များသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

**သတင်းစဉ်**

# သရက်မြို့ သရက်-အောင်လံ မော်တော်ဆိပ်ကမ်းရှိ ရေယဉ်များပေါ်တွင် အသက်ကယ်အင်္ကျီ စနစ်တကျဝတ်ဆင်ရေး အသိပညာပေး

**သရက် ဇူလိုင် ၇** – မကွေးတိုင်းဒေသကြီး သရက်မြို့၌ သရက်-အောင်လံ မော်တော်ဆိပ်ကမ်းရှိရေယာဉ်များပေါ်တွင် ခရီးသွားပြည်သူများအား အသက်ကယ်အင်္ကျီ စနစ်တကျဝတ်ဆင်ရေး အသိပညာပေးခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။


အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝင်များက ရေယာဉ်မောင်းနှင်သူများအနေဖြင့် ပြည်သူများ၏ အသက်အန္တရာယ်ကို ကယ်တင်ရန် အသက်ကယ်အင်္ကျီကို မော်တော်ရေယာဉ်များပေါ်တွင် စနစ်တကျ ထားရှိရန်နှင့် အင်္ကျီများကို စုတ်ပြဲခြင်း ရှိ/မရှိ စစ်ဆေးခဲ့ကာ ခရီးသွား ပြည်သူများကို မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက စနစ်တကျ ဝတ်ဆင်ပြသပေးခဲ့ပြီး အသိပညာပေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ

**ကမ္ဘာ့လူဦးရေနေ့သည် ကမ္ဘာပေါ်ရှိ လူသားအားလုံးကို ကိုယ်စားပြုသည့်နေ့၊ တစ်နည်းအားဖြင့် ကမ္ဘာ့လူသားအားလုံး၏ အကျိုးအတွက် လက်ရှိအခြေအနေတွင် ကြုံတွေ့ခံစားနေရသည့် အခက်အခဲများအပေါ် ကမ္ဘာ့နိုင်ငံအသီးသီးက စုပေါင်းဖြေရှင်းကျော်လွှားနိုင်ရေးအတွက် မီးမောင်းထိုးတပ်လှန့်မှုအဖြစ် အသိပေးသည့်နေ့ဖြစ်သည်။**

*မောင်မုဒိတာ*




ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီး ဖြေရှင်းရမည့် လူဦးရေဆိုင်ရာ ပြဿနာအခက်အခဲများဖြစ်သည့် မိသားစုစီမံကိန်းဆိုင်ရာများ၊ ကျား/မ တန်းတူညီမျှမှု၊ ဆင်းရဲနွမ်းပါးမှု၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မိခင်နှင့်ကလေးကျန်းမာရေး၊ လူ့အခွင့်အရေး စသည်တို့နှင့်ပတ်သက်၍ ပြည်သူလူထု သိရှိနားလည်နိုင်စေရေးအတွက် အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကမ္ဘာ့လူဦးရေ သန်းငါးထောင်ပြည့်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် ကုလသမဂ္ဂက သတ်မှတ်ခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်ယင်းနေ့ကို ရောက်တိုင်း ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများ အစဉ်အဆက် ကျင်းပခဲ့ကြသည်။

### (၃၅) ကြိမ်မြောက် ရောက်ရှိခဲ့ပြီ

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည်လည်း ၁၉၉၀ ပြည့်နှစ်မှစ၍ ကမ္ဘာ့လူဦးရေနေ့အခမ်းအနားများကို ဇူလိုင် ၁၁ ရက် ရောက်တိုင်း နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ် ၂၀၂၄ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် (၃၅) ကြိမ်မြောက် ကျင်းပသည့် အခမ်းအနားအဖြစ် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးက နှစ်အလိုက် ကြုံတွေ့နေရသည့် လူဦးရေဆိုင်ရာ ပြဿနာများ အပေါ်အခြေခံကာ အရေးတကြီးဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို အရေးပေါ်ထိရောက်စွာ ဖြေရှင်းနိုင်ရန် ဆောင်ပုဒ်များ သတ်မှတ်မီးမောင်းထိုးပြသ ဆောင်ရွက်ခဲ့ကြရာ ယခုနှစ် ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်အဖြစ် “ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ” “Helping vulnerable populations in emergencies” ဟု သတ်မှတ်ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ ကမ္ဘာ့နိုင်ငံအများစုတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးနှင့် လူမျိုးရေးဆိုင်ရာ ပဋိပက္ခများ၊ စစ်မက်ဖြစ်ပွားမှုများ၊ သဘာဝဘေးအန္တရာယ်မျိုးစုံဖြစ်ပွားမှု၊ စားနပ်ရိက္ခာရှားပါးမှု စသည့်ဘေးအန္တရာယ်ပေါင်းစုံဖြင့် ကြုံတွေ့ခံစားနေရသည့် အချိန်ကာလဖြစ်သည်။ ယင်းဘေးအန္တရာယ်များကို အဓိကကြုံတွေ့ခံစားကြရသူ၊ အခြားသူများထက် ပိုမိုထိခိုက်ခံစားရသူများကတော့ အမျိုးသမီးများ၊ ကလေးငယ်များနှင့် လူငယ်လူရွယ်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ၊ ဆင်းရဲနွမ်းပါးသူများပင် ဖြစ်ကြသည်။

ယင်းတို့သည်ကြုံတွေ့လာသည့်ဘေးအန္တရာယ် အခက်အခဲများကို ခုခံနိုင်စွမ်းနည်းပါးကြသကဲ့သို့ ၎င်းတို့၏ လိုအပ်ချက်များ၊ မဖြစ်မနေ သီးသီးသန့်သန့် ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကိုလည်း မသိကျိုးကျွန်ပြု လျစ်လျူရှုခံနေကြရသည်။ အမှန်တကယ်တော့ ၎င်းတို့၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးမှု၊ ၎င်းတို့၏ ဘဝလုံခြုံရေးနှင့် ဂုဏ်သိက္ခာရှိစေရေးအတွက် အလေးထား ဆောင်ရွက်ပေးမှု၊ ၎င်းတို့အား ကျန်းမာရေး စောင့်ရှောက်ပေးမှု၊ ဘဝရပ်တည်ရှင်သန်နေထိုင်နိုင်ရေး ဖြည့်ဆည်းပေးမှုအစရှိသည်တို့ကို အလေးထား ဆောင်ရွက်ပေးခြင်းသည် မိသားစုအသိုက်အဝန်းနှင့် လူမှုပတ်ဝန်းကျင်အသိုက်အဝန်း ပျော်ရွှင်သာယာရေးအတွက် ဖြည့်ဆည်းပေးခြင်းဖြစ်သည့်အတွက် အကျိုးကျေးဇူးများစွာ၊ ကောင်းကျိုးရလဒ်များစွာ ရရှိနိုင်မည်ဖြစ်ပါသည်။

### တန်းတူညီမျှမှုက လက်တွေ့ကျကျဖြစ်ဖို့တော့လို

သို့သော် လက်ရှိမှာ အဘက်ဘက်ကပြည့်စုံပြီး အင်အားကြီးမားသည့် နိုင်ငံကြီးတချို့သည် အင်အားသေးငယ်သည့် အဘက်ဘက်က မပြည့်စုံသည့် နိုင်ငံငယ်လေးများကို ဖေးမကူညီဆွဲတင်ရမည့်အစား သူ့လက်အောက် သွတ်သွင်းကာ လက်ဝါးကြီးအုပ် ကြီးစိုးခြယ်လှယ်နေကြသည်များရှိနေသည်။ တန်းတူညီမျှမှုက စာအရသာ ရှိမနေဘဲ လက်တွေ့ကျကျဖြစ်ဖို့တော့လိုသည်။

ထို့ပြင် နိုင်ငံတကာ သတင်းအချက်အလက်များအရ ဘေးအန္တရာယ်ကျရောက်နေကြသူများအနက် သုံးပုံနှစ်ပုံခန့်သည် အသက် ၂၅ နှစ်အောက် လူငယ်လူရွယ်များဖြစ်နေသည်ကို သိရှိရပါသည်။ ၎င်းတို့သည် ပညာသင်ကြားခွင့်များ ဆုံးရှုံးနေကြပြီး ကမ္ဘာတစ်ဝန်းရှိ ကျောင်းတက်ရောက် ပညာသင်ကြားခွင့်မရရှိသည့် လူငယ်ထက်ဝက်ခန့်သည် ပဋိပက္ခအမျိုးမျိုးဖြစ်ပွားနေသည့် နိုင်ငံများ၊ ပဋိပက္ခကြုံတွေ့နေရသည့်နိုင်ငံများမှဖြစ်ကြောင်းလည်း သိရှိရသည်။ ယနေ့လူငယ်၊ နောက်ဝယ်လူကြီးဆိုသည့်အတိုင်း လူငယ်များသည် နိုင်ငံတိုင်း၌ နိုင်ငံ၏ အနာဂတ်များဖြစ်သည်နှင့်အညီ ၎င်းတို့ကို ပြုစုပျိုးထောင်မှု၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးမှုမရှိခဲ့၊ မရခဲ့ကြပါက နိုင်ငံ၏ အနာဂတ်သည် မရေရာ၊ မသေချာဖြစ်နေမည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ပေ။

> ❖ **သန်းခေါင်စာရင်းအချက်အလက်များအရ လူဦးရေဆိုင်ရာအချက်အလက်များ၊ ကျား／မ အချိုး၊ မွေးဖွားမှု၊ သေဆုံးမှု၊ အသက်အပိုင်းအခြားအလိုက် လူဦးရေ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လွှမ်းခြုံနိုင်မှု၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးမှု၊ ပြည်တွင်း ပြည်ပ ရွှေ့ပြောင်းသွားလာမှု၊ နေထိုင်မှုပုံစံများ စသည့်အခြေအနေအရပ်ရပ်ကို သိရှိရပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည့်နေရာဒေသများကို သတ်သတ်မှတ်မှတ် ထိထိမိမိဖော်ဆောင်နိုင်လိမ့်မည်**

မြန်မာနိုင်ငံ၌လည်း လက်ရှိအခြေအနေတွင် နယ်စပ်ဒေသများအပါအဝင် နေရာဒေသတချို့၌ အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူအများအပြား အိုးမဲ့အိမ်မဲ့ဖြစ်ကာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ ယင်းသို့ ထွက်ပြေးတိမ်းရှောင်ကြသူအများစုမှာ အမျိုးသမီးများ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ ပညာသင်ကြားနေသည့်အရွယ် လူငယ်များဖြစ်နေကြသည်။ ၎င်းတို့အားလုံးသည် ၎င်းတို့ပိုင်ဆိုင်မှုများကို စွန့်လွှတ်ကာ တိုက်ပွဲများ မဖြစ်ပွားရာ နေရာဒေသများသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည့်အတွက် စား၊ ဝတ်၊ နေရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များရှိနေကြသည်။ လူငယ်များအတွက် ပညာဆက်လက်သင်ကြားခွင့်များ အနည်းနှင့်အများ ဆုံးရှုံးနေကြရသည်။

### တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေး

၎င်းတို့သည် ကိုယ်ရောစိတ်ပါ ညှိုးငယ်နွမ်းလျနေကြသူများဖြစ်ပြီး ထိခိုက်မှု အလွယ်တကူခံစားနေကြရသူများဖြစ်သည့်အတွက် ဖေးမကူညီမှု၊ မဖြစ်မနေစောင့်ရှောက်မှုများ လိုအပ်နေသူကြများပင်ဖြစ်ကြသည်။ ၎င်းတို့အတွက် လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာဒေသအာဏာပိုင်များက တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့မြင်ကြားသိနေရသည့်အတွက် မုဒိတာစိတ်လေးဖြစ်မိသည်။ သို့သော် လိုအပ်ချက်တွေကတော့ ရှိနေကြဦးမည်သာ။

နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာနှင့် ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ဖော်ပြနေသည့် နိုင်ငံတကာသတင်းများတွင် ရေကြီးမှု၊ မြေပြိုမှု၊ တောမီးလောင်မှု၊ အပူချိန်မြင့်တက်မှု၊ သောက်သုံးရေပြတ်လပ်မှု၊ ငလျင်လှုပ်ခတ်မှု၊ မီးတောင်ပေါက်ကွဲမှုစသည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများနှင့် တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်တိုက်ခိုက်နေသည့် ပဋိပက္ခစစ်ပွဲဖြစ်ပွားမှုများကို မကြာခဏဖတ်ရှုမြင်တွေ့နေရသည်။ ယင်းဖြစ်စဉ်များ ဖြစ်ပွားသည့်ဒေသများ၌ ကိုယ်ရောစိတ်ပါ အထိခိုက်ဆုံးသူများမှာ အထက်တွင် ဖော်ပြခဲ့သည့် အမျိုးသမီးများ၊ ကလေးငယ်များ၊ လူငယ်လူရွယ်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများပင်ဖြစ်နေသည်။ ဖေးမကူညီမှု၊ ကယ်တင်စောင့်ရှောက်မှုများကို ငံ့လင့်လျက် ဘဝရှင်သန်ရပ်တည်ရေးကို ရင်လေးနေကြမည်မှာ အမှန်ပင်။

ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အရ ယနေ့ ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ရှစ်ထောင်ကျော်ပြီဖြစ်ကြောင်း သိရသည်။ ယခင်က ကမ္ဘာ့လူဦးရေသန်းတစ်ထောင်ပြည့်ရန် နှစ်ပေါင်းရာချီ ကြာမြင့်ခဲ့သော်လည်း ယခုအခါတွင် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် အဆင့်မြင့်ဆေးဝါးများ၊ အဆင့်မြင့်နည်းပညာများကြောင့် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ လူဦးရေဆိုင်ရာ မွေးဖွားနှုန်း၊ သေဆုံးနှုန်းများ ပြောင်းလဲလာသည်နှင့်အမျှ လူဦးရေသန်းတစ်ထောင် တိုးလာရန်မှာ အချိန်ကာလ တဖြည်းဖြည်း တိုတောင်းလာသည်ကို တွေ့ရသည်။ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအများစုသည် မွေးဖွားနှုန်း သိသိသာသာကျဆင်းသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံများအနေဖြင့် မွေးဖွားနှုန်း မြင့်မားနေသည်ကို တွေ့ရသည်။

### ဘေးဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ကြရ

မွေးဖွားနှုန်းကျဆင်းသည့် နိုင်ငံများတွင် ကလေးဦးရေနည်းပါးလာပြီး လုပ်သားအင်အား ရှားပါးလာသကဲ့သို့ သက်ကြီးရွယ်အို များပြားလာသည်။ မွေးဖွားနှုန်းမြင့်မားသည့် နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးမှုနှေးကွေးနောက်ကျသည့်အတွက် ပညာရည်နိမ့်ပါးခြင်း၊ အလုပ်လက်မဲ့များပြားခြင်း၊ ဆင်းရဲနွမ်းပါးသူများပြားခြင်းတို့နှင့် ရင်ဆိုင်နေကြရသည်။ လူဦးရေတိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာမလုံလောက်မှုများ၊ သောက်သုံးရေ ရှားပါးမှုများ၊ ကူးစက်ရောဂါ ပြန့်ပွားမှုများ ဖြစ်ပွားခဲ့သည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများပြားလာပြီး ရာသီဥတုဖောက်ပြန်မှု၊ မိုးခေါင်ရေရှားမှု၊ ရေကြီးမှု၊ လေပြင်းတိုက်ခတ်မှု၊ မုန်တိုင်းအန္တရာယ်ကျရောက်မှု၊ ငလျင်လှုပ်ခတ်မှု စသည့်ဘေးဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ကြရသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၌ မထောင်းသာလှသော်လည်း ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံများအနေဖြင့် ပြန်လည်နာလန်ထူရေးအတွက် ကြိုးစားကြရင်း ဆင်းရဲတွင်းနစ်ခဲ့ကြသည်။ လူသားအချင်းချင်း တန်းတူညီမျှမှုမရှိဘဲ ဆင်းရဲနွမ်းပါးမှု ပိုမိုများပြားလာကာ မိသားစုများစွာသည် လူမှုဘဝလိုအပ်ချက်မျိုးစုံဖြင့် ချို့ချို့တဲ့တဲ့ဖြင့် လူသားအဖြစ် ရပ်တည်ရှင်သန်နေကြရသည်။

ယင်းကဲ့သို့ နိုင်ငံအများစုရှိ လူသားများအတွက် ဆင်းရဲနွမ်းပါးမှု၊ တန်းတူမညီမျှမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု၊ ငြိမ်းချမ်းမှုနှင့် တရားမျှတခြင်းမရှိမှု စသည့်ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် လူသားအားလုံး၏ ဘဝမျှော်လင့်ချက်များ တိုးတက်ကောင်းမွန်လာစေရန် ကုလသမဂ္ဂအဖွဲ့ကြီးက စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals) ရေးဆွဲချမှတ်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးမှုပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေး ဆောင်ရွက်သွားကြရန် သဘောတူညီကာ ကြိုးပမ်းဖော်ဆောင်နေကြသည်ကိုလည်း တွေ့နေရသည်။

နိုင်ငံအလိုက် ကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို အချိန်မီကုစားဖြေရှင်းနိုင်ရေး ကြိုးပမ်းကြရာတွင် ယင်းနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေကို သုံးသပ်ကာ ဖော်ဆောင်ရမည့် ကိစ္စရပ်များကို ကဏ္ဍအလိုက် ဦးစားပေးအဆင့်များ သတ်မှတ်၍ ထိထိရောက်ရောက် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

## မြန်မာစာ မြန်မာစကား

**ကြိယာကို အထူးပြုသောပုဒ်ကို ၎င်းနှင့်သက်ဆိုင်သည့် ကြိယာ၏ ရှေ့တွင် ထားရသည်။**

၁။ (က) တရုတ်ပြည်သို့ လာရောက်လည်ပတ်သည့် သတင်းကို **တရားဝင်** သတင်းစာ၌ ဖော်ပြခြင်း မပြုဘဲ ထားခဲ့သည်။
**[တရားမဝင်ထုတ်ဝေသော သတင်းစာလည်း ရှိသည်။ ]**


(ခ) တရုတ်ပြည်သို့ လာရောက်လည်ပတ်သည့် သတင်းကို သတင်းစာ၌ **တရားဝင်** ဖော်ပြခြင်း မပြုဘဲ ထားခဲ့သည်။
**[သတင်းကို တရားဝင် ထုတ်ပြန်ခြင်းမပြု။]**

၂။ (က) ဥက္ကဋ္ဌကြီးအား မိန့်ခွန်းပြောကြားပေးပါရန် ပန်ကြားပါသည်။
**[တစ်စုံတစ်ယောက်က ဥက္ကဋ္ဌကြီးအား မိန့်ခွန်း ပြောကြားပေးရန် ဖြစ်သည်။]**




(ခ) မိန့်ခွန်းပြောကြားပေးပါရန် ဥက္ကဋ္ဌကြီးအား ပန်ကြားပါသည်။ **[မိန့်ခွန်းပြောရန် ဥက္ကဋ္ဌကြီးအား ပန်ကြားခြင်းဖြစ်သည်။]**

၃။ (က) **စာသင်ခန်းတွင်** လိမ်မပြောရန် တပည့်များကို ဆရာက ဆုံးမသည်။
**[စာသင်ခန်းပြင်ပတွင် လိမ်ပြောနိုင်သည်။]**



(ခ) လိမ်မပြောရန် တပည့်များကို ဆရာက **စာသင်ခန်းတွင်** ဆုံးမသည်။
**[ဆရာဆုံးမသော နေရာသည် စာသင်ခန်းဖြစ်သည်။]**

၄။ (က) ထို့နောက် ပြိုင်ပွဲဝင် အားကစားအသင်းများသည် . . . **အစီအစဉ်အတိုင်း** အားပေးကြည့်ရှုနေကြသည့် ပရိသတ်ကို လက်များဝှေ့ယမ်း နှုတ်ဆက်လျက် ပြန်လည်ထွက်ခွာသွားကြသည်။
**[ပရိသတ်က အစီအစဉ်အတိုင်း အားပေးကြည့်ရှုသည်။ ]**



(ခ) ထို့နောက် ပြိုင်ပွဲဝင် အားကစားအသင်းများသည် . . . အားပေးကြည့်ရှုနေကြသည့် ပရိသတ်ကို လက်များ ဝှေ့ယမ်းနှုတ်ဆက်လျက် **အစီအစဉ်အတိုင်း** ပြန်လည်ထွက်ခွာသွားကြသည်။
**[ ပြိုင်ပွဲဝင်အားကစားအသင်းများ အစီအစဉ်အတိုင်း ထွက်ခွာသွားသည်။]**



မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

*စာမျက်နှာ ၁၀ မှ*

ယင်းသို့ဆောင်ရွက်နိုင်ရန် ၎င်းနိုင်ငံ၏ နယ်မြေဒေသအလိုက် အခြေခံကျသည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အခြေခံအချက်အလက်များရရှိရေးနှင့် ယင်းအချက်အလက်များ တိကျမှန်ကန်ရေးသည် အရေးကြီးလှသည်။ ယင်းအချက်အလက်များသည်လည်း အသုံးပြုသူများအတွက် အားကိုးအားထားပြုနိုင်လောက်အောင် ခိုင်မာမှုရှိပြီး လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် လတ်ဆတ်နေရမည်ဖြစ်သည်။ ယင်းအချက်အလက်များသည် လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းမှသာ ရရှိနိုင်သည့်အတွက် နိုင်ငံအများစုတွင် လူဦးရေသန်းခေါင်စာရင်းကို ပုံမှန်ကောက်ယူကြသည်။ သို့သော် လုပ်ငန်းပမာဏကြီးမားပြီး ငွေကုန်ကြေးကျများပြားသည့်အတွက် ၁၀ နှစ်လျှင် တစ်ကြိမ်သာ ကောက်ယူနိုင်ကြသည်။

**သန်းခေါင်စာရင်း (၃)ကြိမ် ကောက်ယူနိုင်**

မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၇၃၊ ၁၉၈၃ နှင့် ၂၀၁၄ ခုနှစ်တို့တွင် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း (၃)ကြိမ် ကောက်ယူနိုင်ခဲ့သည်။ လူဦးရေသန်းခေါင်စာရင်းသည် နိုင်ငံတစ်နိုင်ငံ၏ နယ်မြေဒေသအလိုက် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို နိုင်ငံ၏ အသေးငယ်ဆုံးအုပ်ချုပ်မှု နယ်မြေအဆင့်အထိ အသေးစိတ်ရရှိနိုင်သည်။ ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းမှ ရရှိခဲ့သည့် အချက်အလက်များကို အခြေခံကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် စီမံကိန်းများ ချမှတ်ကာ အဘက်ဘက်က တိုးတက်အောင် လက်ရှိအခြေအနေအထိ အသုံးပြုဆောင်ရွက်လျက်ရှိသည်။ သို့သော် နှစ်ကြာလာသည်နှင့်အမျှ ကိန်းဂဏန်း အချက်အလက် ခိုင်မာမှုကလျော့နည်းလာမည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း

## ❂ မကြာမီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်း ကောက်ယူတော့မည်။ တွေ့ကြုံလာမည့် စိန်ခေါ်မှုအခက်အခဲများကို ရင်ဆိုင်ကျော်လွှားကာ နိုင်ငံသားအားလုံးအတွက် ကောင်းမွန်သည့် အနာဂတ်ဘဝများ ဖန်တီးပုံဖော်တည်ဆောက်နိုင်မည့် အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ကောက်ယူပြီး ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ် ယခုနှစ်တွင် ပြည်လုံးကျွတ်ကောက်ယူနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဓိကမှာ နှစ်စဉ်ထုတ်ပြန်သည့် နိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းများ ခိုင်မာမှုရှိစေရေး၊ လုပ်ငန်းကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများနှင့် သုတေသနလုပ်ငန်းများအတွက် မှန်ကန်သည့် လူဦးရေဆိုင်ရာ အခြေခံအချက်အလက်များရရှိရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး လာမည့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ပြီးခဲ့သည့် သန်းခေါင်စာရင်းကောက်ယူချိန်မှ ယခုကောက်ယူမည့်ကြားကာလ ၁၀ နှစ်တာအတွင်း မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပြည်တွင်း ပြည်ပ ရွှေ့ပြောင်းသွားလာမှုစသည့် ထူးခြားဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့်အတွက် ယခုသန်းခေါင်စာရင်း ကောက်ယူရာတွင် ရရှိသည့်အချက်အလက်များသည် ယခင်အချက်အလက်များနှင့် ထူးထူးခြားခြား ကွဲပြားခြားနားမှုများ ရှိလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အောင်မြင်ရေးအတွက်လည်း အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေသည့်အချိန်ပင်ဖြစ်သည်။ ယင်းအချက်အလက်များအပေါ် အခြေခံကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် လူဦးရေဆိုင်ရာ မူဝါဒများ ရေးဆွဲချမှတ်နိုင်မည် ဖြစ်သည်။

ထို့ပြင် သန်းခေါင်စာရင်းအချက်အလက်များအရ လူဦးရေဆိုင်ရာ အချက်အလက်များ၊ ကျား/မ အချိုး၊ မွေးဖွားမှု၊ သေဆုံးမှု၊ အသက်အပိုင်းအခြားအလိုက် လူဦးရေ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လွှမ်းခြုံနိုင်မှု၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးမှု၊ ပြည်တွင်း ပြည်ပ ရွှေ့ပြောင်းသွားလာမှု၊ နေထိုင်မှုပုံစံများစသည့်အခြေအနေအရပ်ရပ်ကို သိရှိရပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်သည့် နေရာဒေသများကို သတ်သတ်မှတ်မှတ် ထိထိမိမိဖော်ဆောင်နိုင်လိမ့်မည်ဖြစ်သည်။

ယင်းတို့အနက် ထိခိုက်လွယ်သူများ၏ ဘဝရပ်တည် ရှင်သန်နေထိုင်မှုနှင့်ပတ်သက်သည့် လူဦးရေဆိုင်ရာ အချက်အလက်များကို ကဏ္ဍအလိုက် ခွဲထုတ်ကာ လိုအပ်ချက်အရ အရေးပေါ်ကူညီကယ်ဆယ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံများ ချမှတ်ဆောင်ရွက်ပေးနိုင်လျှင် များစွာအကျိုးရှိပေမည်။ ကဏ္ဍအလိုက်ဖြစ်သည့်အတွက် ထိထိရောက်ရောက်လည်း ပံ့ပိုးဆောင်ရွက်နိုင်မည်။ အမျိုးသမီးများအခွင့်အရေး၊ ကလေးလူငယ်များ ကျန်းမာဖွံ့ဖြိုးရေး၊ လူငယ်များ အနာဂတ်ဘဝ လှပသာယာရေး၊ သက်ကြီးရွယ်အိုများ ကူညီစောင့်ရှောက်ရေးစသည့် ထိခိုက်လွယ်သူများအတွက် ဖေးမကူညီမှုကို အလေးဂရုပြု ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

**ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ကြဖို့လို**

ငယ်ငယ်က မြန်မာဖတ်စာတွင် သင်ဖူးသည်။ " အားငယ်သူ ကူပေးပါ" တဲ့။ အားနည်းသူကို ဖေးမကူညီရမည်။ အခက်အခဲများနှင့် ကြုံတွေ့ကကယ်တင်စောင့်ရှောက်ကြရမည်။ ဤသို့ ဆောင်ရွက်ပေးခြင်းသည် မိသားစုဘဝများ စိတ်ချမ်းမြေ့ပျော်ရွှင်ရေး၊ လူမှုပတ်ဝန်းကျင်ကောင်းများ ဖန်တီးကာ အေးချမ်းသာယာသည့် လူ့အသိုင်းအဝိုင်း ဖော်ဆောင်ရေးပင်ဖြစ်သည်။ ယင်းကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် တိကျမှန်ကန်သည့် လူဦးရေကိန်းဂဏန်းအချက်အလက်များရရှိမှ ဖြစ်မည်။ ထို့ကြောင့် ယင်းအချက်အလက်ရရှိစေရေး ဆောင်ရွက်မည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အဆင်ပြေပြေအောင်မြင်ရေးအတွက် ပြည်သူအားလုံးက ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ကြဖို့လိုပါသည်။

မကြာမီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်း ကောက်ယူတော့မည်။ တွေ့ကြုံလာမည့် စိန်ခေါ်မှုအခက်အခဲများကို ရင်ဆိုင်ကျော်လွှားကာ နိုင်ငံသားအားလုံးအတွက် ကောင်းမွန်သည့် အနာဂတ်ဘဝများ ဖန်တီးပုံဖော်တည်ဆောက်နိုင်မည့် အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ရေး မုဒိတာစိတ်ထားဖြင့် တိုက်တွန်းရင်း ဇူလိုင် ၁၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့လူဦးရေနေ့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလောဖြစ်ပေါ်နေသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ထိန်းချုပ်ကာကွယ်နိုင်ရေးနှင့်ပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုအခြေအနေများ ညှိနှိုင်းအစည်းအဝေးပြုလုပ်

**ရန်ကုန် ဇူလိုင် ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလောဖြစ်ပေါ်နေသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ထိန်းချုပ်ကာကွယ်နိုင်ရေးနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ပြုလုပ်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ကာကွယ်ထိန်းချုပ်နိုင်ရေး အခြေအနေတင်ပြ**

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသီတာလှက ဆေးရုံတွင်ကုသမှုပေးနေသောအခြေအနေများနှင့် ကျန်းမာရေးပြန်လည်ကောင်းမွန်နေမှုကိုလည်းကောင်း၊ စည်ပင်သာယာရေးဝန်ကြီး(မြို့တော်ဝန်) ဦးဗိုလ်ဌေးက ယင်လုံအိမ်သာများဆောက်လုပ်ပေးနေမှုအခြေအနေများ၊ ရေလှောင်ကန်များမှ ရေကို ရေသယ်ယာဉ်များဖြင့် သုံးစွဲနိုင်အောင်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က မြေပြင်ကွင်းဆင်း တွေ့ရှိမှုအခြေအနေများ၊ အသိပညာပေးခြင်းလုပ်ငန်းများကို အောက်ခြေအဆင့်အထိရောက်ရှိအောင် ဆောင်ရွက်နေသည့်အခြေအနေများ၊ ဆေးရုံအုပ်ကြီးများနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးအတွင်း လတ်တလောဖြစ်ပေါ်နေသော ကူးစက်ရောဂါအခြေအနေများကို ကာကွယ်ထိန်းချုပ်နိုင်ရေး နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်နေသည့် အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

**အများပြည်သူသိရှိလိုက်နာနိုင်ရေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုအဖွဲ့အစည်းများ စုပေါင်းအဖွဲ့များဖြင့် ရပ်ကွက်၊ စာသင်ကျောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဘုန်းတော်ကြီးကျောင်း/သီလရှင်ကျောင်း၊ ဈေးများနှင့် လူစည်ကားရာနေရာများတွင် လက်ကိုင်အသံချဲ့စက်များဖြင့် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ၊ ဗီနိုင်းများဖြင့် အသိပညာပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊ ရောဂါဖြစ်ပွားသည့် သက်ဆိုင်ရာရပ်ကွက်အလိုက် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို တာဝန်ရှိသူအဆင့်ဆင့်က အများပြည်သူ သိရှိလိုက်နာနိုင်ရေး ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန်၊ ဆေးရုံကြီးများတွင်ကြိုတင်ပြင်ဆင်ထားပြီးဖြစ်၍ ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးအပိုင်းများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များရှိပါက ချက်ချင်းတင်ပြကြရန် လိုအပ်ကြောင်း။

**ညှိနှိုင်းပူးပေါင်းဆောင်ရွက်**

သို့မှသာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ကိုဗစ်ရောဂါဖြစ်ပွားစဉ်ကကဲ့သို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသည့် အတိုင်းတာဝန်ရှိသူများကစေတနာထား၍ ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလောဖြစ်ပေါ်နေသော ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ထိန်းချုပ်ကာကွယ်နိုင်ရေးနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## မွန်ပြည်နယ် ဝန်ကြီးချုပ် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**မော်လမြိုင် ဇူလိုင် ၇**

မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာ စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ဥပဓိရုပ် ကောင်းမွန်စေရေး၊ စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသာယာမှု ရှိစေရေးအတွက် မြို့နယ်အသီးသီးရှိ စာသင်ကျောင်းများ၌ ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေးကို အပတ်စဉ် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ပြီး ကျောင်းဝင်းအတွင်း၊ ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ မြက်များနှင့် အမှိုက်များအား ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေ ပြည်သူများက ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျောင်းတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး စာသင်ကျောင်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **သက်နိုင်(မော်လမြိုင်)**

## ချောက်မြို့၌ ရေဝတီမြစ်ရေဝင်ရောက်သောအိမ်ထောင်စုများအား ရွှေ့ပြောင်းပေး

**ချောက် ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ ရေဝတီမြစ်ရေဝင် မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ရေဝတီမြစ်ကမ်းနံဘေး တစ်လျှောက်ရှိ ရပ်ကွက်များမှ ရေဝင်အိမ်ထောင်စုများအား ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၅ ရက်က အမှတ်(၇) ရပ်ကွက် ရွာဟောင်းရပ်ရှိ ရေဝင်အိမ်ထောင်စုငါးစု၊ လူဦးရေ ၂၀ ကို ရွှေ့ပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



အဆိုပါ ရွှေ့ပြောင်းပေးခြင်း လုပ်ငန်းများကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးဇော်နိုင် ဦးဆောင်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး မျိုးမင်းကိုနှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ အသင်းဝင်များက မြစ်ရေ ဝင်ရောက်လျက်ရှိသော အိမ်ခြေငါးအိမ်မှ အိမ်ထောင်စုများအားရွာဟောင်းရပ်ရှိ ကုန်တင်ကုန်ချရုံးတွင် ယာယီပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။ **ကျော်မိုး(ပြန်/ဆက်)**

## နတ်မောက်မြို့၌ သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဆွေးနွေး

**နတ်မောက် ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) ဘက်စုံသုံးခန်းမ၌ ဇူလိုင် ၅ ရက်က ဒေသအတွင်းရှိ ပြည်သူလူထုပူးပေါင်းပါဝင်လာပြီး စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်း၍ သစ်တောပြုန်းတီးခြင်းကို ကာကွယ်ခြင်း စသည့် အချက်များကို ကိုယ်တိုင်ပါဝင်ဆောင်ရွက်လိုစိတ်များ ကိန်းအောင်းသိမြင်လာစေရန်ရည်ရွယ်၍ မိုးရာသီ၌ သစ်ပင်စိုက်ပျိုးခြင်းအကြောင်း အသိပညာပေး (Talk Show) ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းက သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။ **သိမ့်သိမ့်မိုး**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# နာဆာ၏ အင်္ဂါဂြိုဟ်ပုံစံတူ အဆောက်အအုံတွင် တစ်နှစ်တာနေထိုင်မှုအစီအစဉ် ပြီးဆုံး

ဝါရှင်တန် ဇူလိုင် ၇

**အမေရိကန်အာကာသအေဂျင်စီ နာဆာက စီစဉ်သော အင်္ဂါဂြိုဟ်ပုံစံတူပြုလုပ်ထားသည့် အဆောက်အအုံတွင် မိမိသဘောဆန္ဒအလျောက်သွားရောက်နေထိုင်သည့် လူလေးဦး၏ တစ်နှစ်တာနေထိုင်မှု အစီအစဉ်မှာ ပြီးဆုံးသွားပြီဖြစ်သည်။ အဆိုပါ မစ်ရှင်၏ရည်ရွယ်ချက်မှာ အနာဂတ်တွင် ဂြိုဟ်ပေါ်၌ အာကာသယာဉ်မှူးများ သွားရောက်နေထိုင်သည့်အခါ ဖြစ်လာနိုင်သည့်သက်ရောက်မှုများကို လေ့လာနိုင်ရန် ဖြစ်သည်။**


အင်္ဂါဂြိုဟ် ပုံတူနေရာ ပြင်ဆင်ထားသည်ကိုတွေ့ရစဉ်။

စေတနာ့ဝန်ထမ်းလေးဦးသည် ယမန်နှစ် ဇွန်လတွင် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ရှိ ဂျွန်ဆင် အာကာသစင်တာရှိ အင်္ဂါဂြိုဟ်ပုံစံတူ အဆောက်အအုံတွင် ဝင်ရောက်နေထိုင်ခဲ့ကြသည်။ အဆိုပါ အဆောက်အအုံတွင် အင်္ဂါဂြိုဟ်၏ မျက်နှာပြင်နှင့် ဆင်တူသည့် အနီရောင် သဲဧရိယာလည်းပါရှိသည်။ ယင်းအဆောက်အအုံအတွင်း နေထိုင်သူများသည် အမျိုးမျိုးသော လေ့လာဆန်းစစ်မှုများကို ပြုလုပ်ခဲ့ကြသည်။ အစားအသောက် လုံလောက်မှုရှိစေရေးအတွက် သီးနှံစိုက်ပျိုးမှုများကိုပါ လုပ်ဆောင်ခဲ့ကြသည်။ ဇူလိုင် ၆ ရက်တွင် စေတနာ့ဝန်ထမ်းလေးဦးမှာ ယင်းအဆောက်အအုံတွင် ဝင်ရောက်နေထိုင်သည်မှာ တစ်နှစ်ခန့်ရှိပြီးဖြစ်ပြီး ပထမဆုံးအကြိမ်အဖြစ် အပြင်သို့ ထွက်လာခဲ့ကြသည်။

တံခါးဖွင့်လိုက်သည်နှင့် ၎င်းတို့ကို လက်ခုပ်တီးကာကြိုဆိုခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုသည် အင်္ဂါဂြိုဟ်ပေါ်သို့ လူသားများ စေလွှတ်နိုင်ရေး ရည်ရွယ်၍ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ လစူးစမ်းလေ့လာရေး အစီအစဉ် Artemis ကို ဦးဆောင်နေသည်။ ရရှိလာသော အချက်အလက်များကို အနာဂတ်အာကာသ စူးစမ်းလေ့လာရေး အတွက် ခွဲခြမ်းစိတ်ဖြာ အသုံးပြုသွားရန် နာဆာက စီစဉ်ထားသည်။ **အင်န်အိတ်ချ်ကေ**

# ဂါဇာ၌ ရွှေ့ပြောင်းပါလက်စတိုင်းများအား အစ္စရေး၏ ပစ်မှတ်ထားတိုက်ခိုက်မှုအပေါ် ဂျော်ဒန် ပြင်းပြင်းထန်ထန်ရှုတ်ချ

**အမ်မန် ဇူလိုင် ၇**


ဂါဇာအလယ်ပိုင်း နူဆီရတ်ဒုက္ခသည်စခန်း၌ အစ္စရေးတိုက်ခိုက်မှုအပြီး အပျက်အစီးများအောက်၌ ရှာဖွေမှုများလုပ်ဆောင်စဉ်။

ဂါဇာအလယ်ပိုင်း နူဆီရတ်ဒုက္ခသည်စခန်းရှိ စာသင်ကျောင်း တစ်ခုကို ယမန်နေ့က အစ္စရေး၏ ဗုံးကြဲတိုက်ခိုက်မှုအပါအဝင် ဂါဇာကမ်းမြောင်ဒေသ၌ နေရပ်စွန့်ခွာ ပါလက်စတိုင်းများ၏ ခိုလှုံရာ နေရာများအား အစ္စရေးက ပစ်မှတ်ထားတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်မှုအပေါ် ဇူလိုင် ၇ ရက်တွင် ဂျော်ဒန်နိုင်ငံက ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်း သိရသည်။

ကုလသမဂ္ဂက ယာယီခိုလှုံရာ အဖြစ် ပြောင်းလဲပေးသည့်စာသင်ကျောင်းအပေါ် အစ္စရေး၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ရွှေ့ပြောင်းနေထိုင်သူများအနက် ၁၆ ဦး သေဆုံးရာ အများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း ပါလက်စတိုင်း တရားဝင်သတင်းအေဂျင်စီ WAFA က ထုတ်ပြန်ထားသည်။

ဂါဇာ၌ ပါလက်စတိုင်းများအပေါ် အစ္စရေး၏ စစ်ရာဇဝတ်မှုများ ဆက်လက်ကျူးလွန်နေမှုအပေါ် ပြင်းပြင်းထန်ထန်ရှုတ်ချကြောင်းနှင့် ယင်းသို့လုပ်ဆောင်ခြင်းမှာ နိုင်ငံတကာဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ဥပဒေများအပေါ် အစ္စရေး၏ အလေးမထားခြင်းကို ထင်ဟပ်စေကြောင်း ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆက်ဖ်ဖီအန် ခရူဒက်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ အဆောက်အအုံ ပြိုကျမှုကြောင့် သေဆုံးသူ သုံးဦးရှိလာ

**နယူးဒေလီ ဇူလိုင် ၇**

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် ဇူလိုင် ၆ ရက်က အဆောက်အအုံ ပြိုကျမှုဖြစ်ပွားခဲ့ရာ သေဆုံးသူ သုံးဦးရှိလာကြောင်း ဒေသခံရဲတစ်ဦးက ဇူလိုင် ၇ ရက်တွင် ပြောသည်။ ဆူရတ်ခရိုင် ဆာချင်ဧရိယာရှိ အထပ်များစွာရှိသော အဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများမှာ ပြည်တွင်းအထည်ချုပ်လုပ်ငန်းမှ အလုပ်သမားများဖြစ်သည်။

ဇူလိုင် ၆ ရက်က ဒဏ်ရာရ အမျိုးသမီးတစ်ဦးကို အပျက်အစီးများအောက်မှ အောင်မြင်စွာ ကယ်တင်နိုင်ခဲ့ပြီး ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။ ဂူဂျာရတ်ပြည်နယ် သဘာဝဘေးတုံ့ပြန်ရေးအဖွဲ့နှင့် အမျိုးသား သဘာဝဘေးတုံ့ပြန်ရေးအဖွဲ့တို့ ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြထားသည်။ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပြီး ရရှိထားသော အချက်အလက်များအရ အဆောက်အအုံအပျက်အစီးများအောက်တွင် ပိတ်မိနေသူ ခြောက်ဦးမှ ခုနစ်ဦးခန့်ရှိကြောင်း သုံးဦး၏ အလောင်းကို ရရှိထားပြီးဖြစ်ကြောင်း ဆူရတ်ခရိုင် ရဲမင်းကြီး အနူပမ် ဆင်း ဂယ်လော့က ပြောသည်။ **ဆင်ဟွာ**

# နီပေါနိုင်ငံ၌ မြေပြိုကျမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် ၁၅ ဦးထက်မနည်း ထပ်မံသေဆုံး

**ခတ္တမန္ဒူ ဇူလိုင် ၇**

နီပေါနိုင်ငံ၌ လွန်ခဲ့သော နှစ်ရက်အတွင်းက မြေပြိုကျမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် ၁၅ ဦးထက်မနည်း ထပ်မံသေဆုံးမှု ဖြစ်ပွားကြောင်း တနင်္ဂနွေနေ့တွင် ရဲတပ်ဖွဲ့က ပြောသည်။

သောကြာနေ့ ညနေပိုင်းမှစတင်ကာ မုတ်သုံမိုး အဆက်မပြတ် ရွာသွန်းမှုများကြောင့် နီပေါနိုင်ငံတစ်ဝန်း ထိခိုက်ပျက်စီးမှုများစွာ ဖြစ်ပေါ်စေကြောင်း၊ မြေပြိုကျမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် ၁၅ ဦး သေဆုံးပြီး နှစ်ဦး ပျောက်ဆုံးကာ အခြား ၁၇ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း နီပေါရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒန်ဗဟာဒါ ကာကီက ပြောသည်။

ထို့ပြင် လွန်ခဲ့သောနှစ်ရက်အတွင်း မြေပြိုကျမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် မိသားစု ၁၂၅ စု အိုးအိမ်စွန့်ခွာခဲ့ရပြီး မွေးမြူရေး တိရစ္ဆာန် ရာချီသေဆုံးကာ နိုင်ငံတစ်ဝန်းရှိ အဝေးပြေးလမ်းအချို့ ပိတ်ထားခဲ့ရကြောင်း ၎င်းက ဆင်ဟွာသို့ ပြောသည်။



နီပေါနိုင်ငံ၏ မြို့တော် ခတ္တမန္ဒူရှိ ဒေသအချို့တွင်လည်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ကြောင်းသိရသည်။ မိုးသည်းထန်စွာဆက်လက်ရွာသွန်းပါက အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများ မြင့်တက်နိုင်ခြေရှိကြောင်း ကာကီက ပြောသည်။

မုတ်သုံရာသီစတင်သည့် ဇွန် ၁၀ ရက်နောက်ပိုင်း ယခင်က နီပေါနိုင်ငံတစ်ဝန်း မိုးရွာသွန်းမှုနှင့် ဆက်စပ်သော ဘေးအန္တရာယ်ကြောင့် ၄၈ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံ၌ အပူချိန်လွန်ကဲမှုဖြစ်ပွား သက်ကြီးရွယ်အိုအမျိုးသားတစ်ဦး သေဆုံး

**တိုကျို ဇူလိုင် ၇**

ဂျပန်နိုင်ငံတစ်ဝန်း အပူချိန်လွန်ကဲမှုဖြစ်ပွားပြီး အိုအိတာခရိုင်တောင်ပိုင်းတွင် အပူလျှပ်မှုကြောင့် အသက် ၉၆ နှစ် အရွယ် သက်ကြီးရွယ်အိုအမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

စနေနေ့ မွန်းလွဲ ၃ နာရီခွဲခန့်က အိုအိတာခရိုင် ဘန်ဂိုအိုနိုမြို့ရှိ မိသားစုနေအိမ်ခြံဝင်းအတွင်း အမျိုးသား တစ်ဦး လဲကျနေသည်ကို တွေ့ရှိရကြောင်း၊ ထို့နောက် ၎င်းအမျိုးသားကို ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခဲ့သော်လည်း နှစ်နာရီခွဲခန့်အကြာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသား သေဆုံးရသည့် အကြောင်းရင်းမှာ အပူလျှပ်ခြင်းကြောင့်ဖြစ်ကြောင်း ဒေသန္တရ ရဲတပ်ဖွဲ့က ပြောသည်။ ယင်းဒေသတွင် မွန်းလွဲ ၃ နာရီခွဲနောက်ပိုင်း အပူချိန် ၃၅ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့ပြီး ယခုနှစ်အတွက် စံချိန်တင် အပူချိန်မြင့်တက်မှုဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



# ဆီးရီးယားနိုင်ငံ၌ ယာဉ်မတော်တဆမှုဖြစ်ပွား ၁၃ ဦးသေဆုံးပြီး ၃၇ ဦး ဒဏ်ရာရရှိ

**ဒမတ်စကတ် ဇူလိုင် ၇**

ဆီးရီးယားနိုင်ငံအလယ်ပိုင်း ဟွန်းမ်ပြည်နယ်တောင်ဘက် တံတားဝင်ပေါက်၌ ဇူလိုင် ၇ ရက်တွင် ယာဉ်မတော်တဆမှုဖြစ်ပွားသဖြင့် စုစုပေါင်း ၁၃ ဦး သေဆုံးပြီး အခြား ၃၇ ဦး ဒဏ်ရာရရှိကြောင်း ဆီးရီးယားပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

လာတာကီရာပြည်နယ် အနောက်မြောက်ပိုင်းမှ မြို့တော် ဒမတ်စကတ်သို့ ခရီးသည်များ တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီးမှာ ဟွန်းမ်-ဒမတ်စကတ်အဝေးပြေးလမ်းမပေါ်ရှိ တံတားတစ်စင်း၌ ယာဉ်မတော်တဆမှု ဖြစ်ပွားခြင်းဖြစ် ကြောင်း သိရသည်။ အာဏာပိုင်များက ယာဉ်မတော်တဆမှု ဖြစ်ပွားရသည့် အကြောင်းရင်းများကို စုံစမ်းစစ်ဆေးမှု လုပ်ဆောင်လျက်ရှိကြောင်း ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် (တတိယအကြိမ်)အခမ်းအနား တက်ရောက်

**မုံရွာ ဇူလိုင် ၇**

ပြည်သူများအနေဖြင့် သစ်တောသစ်ပင်များ၏ တန်ဖိုးကို နားလည်မြတ်နိုးသည့် စိတ်ဓာတ်ဖြစ်ပေါ်စေရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ဂေဟစနစ်ညီညွတ်မျှတစေရေး၊ ရာသီဥတုကောင်းမွန်ရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒ အကျိုးများရရှိစေရေးအတွက် ရည်ရွယ်၍ ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ မုံရွာဂေါက်ကွင်းအတွင်း၌ တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် (တတိယအကြိမ်) အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မုံရွာ ဂေါက်ကလပ် ဘဏ္ဍာရေးကော်မတီဥက္ကဋ္ဌနှင့် မုံရွာ ဂေါက်ကလပ်အတွင်းရေးမှူးထံ စိုက်ပျိုးမည့်ပျိုးပင်များကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်က မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံ စိုက်ပျိုးမည့်ပျိုးပင်များကိုလည်းကောင်း ပေးအပ်သည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တမာပျိုးပင်ကို စိုက်ပျိုးပေးပြီး**(အပေါ်ပုံ)** တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဇနီး များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများက သတ်မှတ်နေရာများတွင် ပျိုးပင်များ တပျော်တပါးစိုက်ပျိုးပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သစ်ပင်စိုက်ပျိုးပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါ ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် (တတိယအကြိမ်)တွင် နှစ်ပေနှင့်အထက် နှစ်နှစ်သားအရွယ်ရှိ ပျိုးပင် ၇၇၄ ပင်အား စိုက်ပျိုးပေးခဲ့ကြပြီး ၂၀၂၄ ခုနှစ် မိုးရာသီ၌ တိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့် သစ်မျိုးပေါင်း ၁၂ မျိုး၊ ပျိုးပင် ၁၅၉၃၉၆ ပင်နှင့် တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် သစ်မျိုးပေါင်း ၁၄ မျိုး၊ ပျိုးပင်စုစုပေါင်း ၉၃၂၀၀ စိုက်ပျိုးပြီးစီးခဲ့၍ တိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် ယခုနှစ်မိုးရာသီတွင် ပျိုးပင်စုစုပေါင်း ၂၅၂၅၆၉ ပင်အား စိုက်ပျိုးပြီးစီးခဲ့ပြီးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ညောင်ဦးမြို့နယ် တောင်သူများနှင့်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ဇူလိုင်၄ရက်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်သို့ ရောက်ရှိပြီး သူကောင်းတည်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေပေးဝေရေးလုပ်ငန်းများနှင့် ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားရှိသည့် နွေစပါးဆင်းသုခ မျိုးစေ့ထုတ် စံပြစိုက်ကွက်၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ငှါသရောက်၊ လက်ပံခြေပေါ်၊ သူကောင်းတည်၊ ကျောက်ကူး၊ လောကနန္ဒာ စသည့် မြစ်ရေတင်စီမံကိန်း ငါးခု၏ ရေသောက်ဧရိယာ၏ ရေတင်အဆင့်အလိုက် စိုက်ပျိုးသင့်သည့် သီးနှံပုံစံနှင့် လက်ရှိစိုက်ပျိုးလျက်ရှိသည့် သီးနှံများ၊ တစ်ကေချင်းအပေါ် ရေပေးဝေနိုင်မှုနှင့် ရေတင်အဆင့်အလိုက် ကုန်ကျစရိတ်များ၊ နှစ်စဉ် သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးသည့် သီးနှံပုံစံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သီးထပ်စွမ်းအား တိုးတက်ရေး၊ ရေကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးနှင့် အဆင့်မြင့် လယ်ယာမြေစနစ်ဖော်ဆောင်ရန် အခွင့်အလမ်းများနှင့် လိုအပ်ချက်များ၊ ဧရာဝတီမြစ်မှရေကို အဆင့်ဆင့်တင်ယူ၍ ရေပေး မြောင်းမကြီးတစ်လျှောက် ပို့လွှတ်ပေးရခြင်းကြောင့် ရေတင်အဆင့်မြင့်လာသည်နှင့် အမျှ ရေလိုအပ်ချက်နည်းသည့် သီးနှံများ စိုက်ပျိုးရန် လိုအပ်ချက်များ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါ သီးနှံများပါဝင်သည့် သီးနှံပုံစံများကို စမ်းသပ်စိုက်ပျိုးကြရန်နှင့် အစုအဖွဲ့ဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားကြရန် ဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မြစ်ရေတင်စီမံကိန်းကြောင့် ဒေသ၏ လူမှုစီးပွားပြောင်းလဲတိုးတက်လာမှု၊ ဝမ်းစာဖူလုံမှု အခြေအနေများကို မေးမြန်းဆွေးနွေးသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ညောင်ပင်ကန်၊ ချောင်းရှည်၊ လက်ပံခြေပေါ်၊ အင်ပင်ဝကျေးရွာတို့မှ မြေပဲ၊ နှမ်းစိုက်တောင်သူများအား ညောင်ဦးစိုက်ပျိုးရေးသုတေသနခြံ၌ တွေ့ဆုံ၍ အပူပိုင်းဒေသ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများနှင့် တောင်သူစဉ်ဆက်မပြတ်ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်ဖော်ဆောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး မှိုစိုက်ပျိုးနည်း၊ မြေဆွေးထုတ်လုပ်နည်း၊ အပူပိုင်းဒေသ သီးနှံစိုက်ပျိုးထုတ်လုပ်နည်းပညာပေးဗီဒီယိုများ ပြသသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တိုင်းရင်းကြက် မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးပြီး မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စားသုံးသူနှစ်သက်ပြီး ဈေးကောင်းရသည့် တိုင်းရင်းကြက် မွေးမြူရေးလုပ်ငန်းများ တိုးပွားလာစေရေးအတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများ ဝိုင်းဝန်းကြိုးပမ်းကြရန်နှင့် စုပေါင်းဆောင်ရွက်သည့် သမဝါယမလုပ်ငန်းအဖြစ် လုပ်ကိုင်လိုပါက သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးမည့်အစီအစဉ်များကိုဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ညောင်ဦးခရိုင်အတွင်းရှိ စိုက်ပျိုးမြေတစ်ကေချင်း၏ ထုတ်လုပ်မှုမြင့်မားရေး၊ သီးနှံပုံစံမှန်ကန်ရေးနှင့် တောင်သူအကျိုးအမြတ် ပိုမိုရရှိစေမည့် သီးနှံပုံစံ ချမှတ်ပေးနိုင်ရေး ဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

# ဘိုကလေးမြို့နယ်၌ အခွန်အသိပညာပေး တွေ့ဆုံဆွေးနွေး

**ဘိုကလေး ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့နှင့် မြို့နယ်တွင်းမှ အခွန်ထမ်းပြည်သူများ တွေ့ဆုံကာ အခွန်အသိပညာပေး ဆွေးနွေးမှုများ ဆောင်ရွက်သည်။

တွေ့ဆုံ ဆွေးနွေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းက အခွန်ဘဏ္ဍာငွေများ ပြည့်ဝစွာ ရရှိရေးအတွက် အခွန်စည်းကြပ်ကောက်ခံမှုလုပ်ငန်းများ ကြီးကြပ်ပံ့ပိုးဆောင်ရွက်နိုင်ရန်အတွက် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ထားကြောင်း ဆွေးနွေးပြောကြားသည်။




ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရဲမင်းဇော်က အခွန်ထမ်း ပြည်သူများအား အခွန်အမျိုးအစားများ၊ ပြေစာများအပေါ် အခွန်အမှတ် တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော အခွန်ထမ်းများက သိလိုသည်များကို မေးမြန်းကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# ဘားအံမြို့၌ ခရိုင်အဆင့် သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီစည်းဝေး

**ဘားအံ ဇူလိုင် ၇**

ကရင်ပြည်နယ် ဘားအံမြို့၌ သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်အဆင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၄ ရက်က ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဘားအံခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အမှာစကားပြောကြားပြီး ဘားအံခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့ဝင်များက မိမိတို့ဌာနအလိုက် ဆောင်ရွက်ကြမည့် သဘာဝဘေးဖြစ်လာပါက လုံခြုံရေးကိစ္စများ ဆောင်ရွက်မည့် အခြေအနေ၊ ကူညီရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေ၊ စိုက်ပျိုးသီးနှံများ ပျက်စီးပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမည့် အခြေအနေများ စသည်တို့ကို ဆွေးနွေးတင်ပြသည်။



ထို့နောက် ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာတွင် သံလွင်မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပေါ်ခဲ့၍ နေအိမ်များ ဖျက်သိမ်းပြောင်းရွှေ့ရသူ ဒေသခံပြည်သူ ငါးဦးအား ကရင်ပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မြေနေရာများ ချထားပေးခဲ့ရာ မြေပိုင်ဆိုင်မှု အထောက်အထားများကို ပြည်သူငါးဦး၏ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပညာရည်ချွန်ဆုပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၇**

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် လေကြောင်းရန် ကာကွယ်ရေး တပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့နှင့် ဒုံးတပ်ဖွဲ့တို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်တို့၏ သားသမီးများ၊ အငြိမ်းစားတပ်ဖွဲ့ဝင်တို့၏ သားသမီးများ စုစုပေါင်း ၄၀ တို့အား Artillery Gummers Foundation မှ ဇူလိုင် ၆ ရက်တွင် ရန်ကုန်နယ်မြေခံတပ်ရင်း၌ ပညာရည်ချွန်ဆု ပေးအပ်သည့် အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ဖောင်ဒေးရှင်း အမှုဆောင်များ၊ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တပ်နယ်ရှိ လေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့နှင့် ဒုံးတပ်ဖွဲ့တို့မှ တပ်မှူးများ၊ ဆုရရှိသူများ၏ မိဘများ တက်ရောက်ကြပြီး ပညာရည်ချွန်ဆုများကို ဖောင်ဒေးရှင်း နာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များက ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






## ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် မင်းမင်းစိုးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးတို့က အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းမှူး၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဥတ္တရသီရိမြို့နယ်၌ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် မီးသတ်ဦးစီးဌာနမှူးရုံး၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၈ နာရီက အဆိုပါရုံးဝင်းအတွင်း၌ ကျင်းပသည်။


အဆိုပါသစ်ပင်စိုက်ပွဲတွင် မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းမြင့်၊ နေပြည်တော် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြတ်သီဟ၊ နေပြည်တော် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၀၀ ခန့် စုပေါင်း၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ မိုးခေါင်ရေရှားမှု မဖြစ်ပေါ်စေရန်၊ သစ်တောသစ်ပင်များ ပြုန်းတီးမှုမဖြစ်ပေါ်စေရန်ရည်ရွယ်၍ ကျွန်း၊ မဟော်ဂနီ၊ ပိတောက်၊ ခရေ စသည့် ပျိုးပင်ပေါင်း ၄၀၀ ကို စိုက်ပျိုးကြောင်း သိရသည်။

**ကျော်စွာဟိန်း(ပြန်/ဆက်)**


# ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒစခန်း ၄၁ ခု (ပုံ-၁) တွင် ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ




ပုံ (၂)၊ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးပြပုံ




၂၀၂၄ ခုနှစ် ဇွန်လအတွင်း တိုင်းတာသည့်စခန်း ၄၁ ခုလုံးတွင် မိုးရွာသွန်းခဲ့ပြီး ၃၆ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် ၃၆ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၃၆ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၅ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၇ |
| ၃ | မြစ်ကြီးနား | ၆.၈ |
| ၄ | ပူတာအို | ၆.၅ |
| ၅ | ဗန်းမော် | ၇.၁ |
| ၆ | လားရှိုး | ၆.၆ |
| ၇ | တောင်ကြီး | ၆.၉ |
| ၈ | မိုင်းဆတ် | ၆.၅ |
| ၉ | ကျိုင်းတုံ | ၇.၂ |
| ၁၀ | စစ်ကိုင်း | ၇.၁ |
| ၁၁ | ဟားခါး | ၆.၅ |
| ၁၂ | ညောင်ဦး | ၇.၃ |
| ၁၃ | မုံရွာ | ၇.၂ |
| ၁၄ | ပျဉ်းမနား | ၇.၁ |
| ၁၅ | ကသာ | ၆.၇ |
| ၁၆ | ပြင်ဦးလွင် | ၆.၆ |
| ၁၇ | ရန်ကုန် (ကမ္ဘာအေး) | ၇.၁ |
| ၁၈ | မှော်ဘီ | ၆.၉ |
| ၁၉ | မကွေး | ၇.၀ |
| ၂၀ | အောင်လံ | ၆.၈ |
| ၂၁ | စစ်တွေ | ၆.၈ |
| ၂၂ | ကျောက်ဖြူ | ၆.၆ |
| ၂၃ | ပြည် | ၆.၉ |
| ၂၄ | ပဲခူး | ၆.၈ |
| ၂၅ | တောင်ငူ | ၆.၈ |
| ၂၆ | ပုသိမ် | ၆.၈ |
| ၂၇ | မအူပင် | ၇.၀ |
| ၂၈ | ဟသ်ာတ | ၇.၀ |
| ၂၉ | မော်လမြိုင် | ၆.၉ |
| ၃၀ | ရေး | ၆.၉ |
| ၃၁ | ဘီးလင်း | ၆.၇ |
| ၃၂ | ဘားအံ | ၆.၈ |
| ၃၃ | ကော့ကရိတ် | ၇.၀ |
| ၃၄ | ထားဝယ် | ၆.၉ |
| ၃၅ | မြိတ် | ၆.၅ |
| ၃၆ | ကော့သောင်း | ၆.၆ |

# စားသုံးဆီဖူလုံရေးနှင့် တိရစ္ဆာန်အစားအစာ လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်သည့် ပဲပုပ်သီးနှံ

ဒေါက်တာ တင်မာမာဦး

**ပဲမျိုးစုံသီးနှံများအနက် ပဲပုပ်နှင့် မြေပဲသီးနှံများမှာ စားသုံးဆီထုတ်လုပ်နိုင်သည့် သီးနှံမျိုးများဖြစ်ကြသည်။ အာဟာရဓာတ်ကြွယ်ဝသည့် အစားအစာများထဲတွင် ပဲပုပ်သီးနှံသည်လည်း တစ်ခုအပါအဝင်ဖြစ်သည့်အပြင် စီးပွားရေးအရလည်း တွက်ခြေကိုက်မျက်နှာပန်းလှသော သီးနှံတစ်မျိုးဖြစ်ပါသည်။ ပဲပုပ်ကို သုတေသနပညာရှင်များက အာဟာရ၊ အလှအပနှင့် ကျန်းမာရေးအတွက် အံ့အားသင့်ဖွယ်ရာ အစားအစာ (Super Food) ဟု တင်စားခေါ်ကြသည်။ လေ့လာမှုများအရ ပဲပုပ်တွင် ပရိုတင်း၊ ဗီတာမင်၊ အာဟာရဓာတ်၊ သတ္တုဓာတ်၊ ကယ်စီယမ်နှင့် Antioxidants များ အများအပြားပါဝင်ကြောင်း သိရသည်။**



ပဲပုပ်ကို ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးများတွင် ဧရိယာအများဆုံး စိုက်ပျိုးလျက်ရှိသည်။ ပဲပုပ်၏ မူရင်းပေါက်ရောက်ရာဒေသမှာ အရှေ့အာရှဖြစ်ပြီး အများဆုံးစိုက်ပျိုးထုတ်လုပ်သည့် ဒေသများမှာ အမေရိကန်၊ ဘရာဇီး၊ အာဂျင်တီးနားနှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။ ပဲပုပ်ကို အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ တရုတ်၊ အီးယူ၊ မက္ကဆီကို၊ ဂျပန်၊ ထိုင်း၊ အီဂျစ်နှင့် အင်ဒိုနီးရှားနိုင်ငံများဖြစ်သည်။

### အာဟာရပြည့်ဝသည့် သီးနှံတစ်မျိုးဖြစ်

ပဲပုပ်သည် အာဟာရပြည့်ဝသည့် သီးနှံတစ်မျိုးဖြစ်ပြီး အသားဓာတ်ခေါ်ပရိုတင်း ၄၀-၄၅ ရာခိုင်နှုန်းနှင့် ဟင်းသီးဟင်းရွက်ဆီ ၁၈-၂၀ ရာခိုင်နှုန်း ပါဝင်ပြီး လူ၊ တိရစ္ဆာန်တို့အတွက်လိုအပ်သည့် အမိုင်နိုအက်စစ်ကို ပဲပုပ်အသားဓာတ်တွင် တွေ့ရှိရသည်။ ပဲပုပ်တွင် သက်စောင့်ဓာတ် ဗိုက်တာမင်အေ၊ ဒီနှင့် ဘီတို့ ပါဝင်သည့်အပြင် ကယ်စီယမ်၊ ဖောလစ်အက်စစ်နှင့် သံဓာတ်လည်းပါဝင်သည်။ ပဲပုပ်သည် သွေးတိုးကျစေ၍ နှလုံးရောဂါကို ကာကွယ်ပေးနိုင်ကြောင်းလည်း သိရသည်။

ပဲပုပ်မှ စားသောက်ကုန်မျိုးစုံ ထုတ်လုပ်နိုင်ပြီး ပဲပုပ်အမှုန့်ကို ပေါင်မုန့်၊ ဘီစကွတ်၊ ချိုချဉ် အစရှိသည်များတွင် ထုတ်လုပ်ရန်လည်းကောင်း၊ နို့ထွက်ပစ္စည်းများဖြစ်သည့် ပဲပုပ်နို့၊ ထောပတ်၊ ဒိန်ချဉ်၊ ရေခဲမုန့်ပြုလုပ်ရာတွင်လည်းကောင်း၊ ပဲပုပ်ကို အချဉ်ဖောက်၍ ငံပြာရည်၊ မီဆော၊ တို့ဟူး၊ ပဲပြားခြောက်၊ အစိုပြုလုပ်ရန်လည်းကောင်း အသုံးပြုကြသည်။ ပဲပုပ်မှထုတ်လုပ်သည့် စားသောက်ကုန်များသည် ကာဗွန်ဟိုက်ဒရိတ်ပါဝင်မှုနည်း၍ ဆီးချိုရောဂါရှိသူများ စားသုံးရန်သင့်တော်သည်။

ပဲပုပ်သည် ပရိုတင်းဓာတ်ကြွယ်ဝသောကြောင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချကြပြီး သီးနှံအတွင်း ဆီပါဝင်မှုကြောင့် ပဲပုပ်ဆီကိုလည်း ထုတ်လုပ်ကြသည်။ ပဲပုပ်ဆီသည် လူ့ကျန်းမာရေးကို များစွာအထောက်အကူပြုကြောင်း ကျန်းမာရေးသုတေသီများ၏ လေ့လာမှုအရသိရှိရသည်။ ပဲပုပ်ဆီသည် ကမ္ဘာ့ထိပ်တန်းနေရာတွင်ရှိ၍ ဆီထုတ်ပြီးကျန်ရှိသည့် ကြိတ်ဖတ်တွင်လည်း အသားဓာတ်ပါရှိခြင်းကြောင့် တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုကြသည်။

### စက်မှုကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်

ပဲပုပ်ဆီကို လူတို့စားသုံးရန်သာမက စက်မှုကုန်ကြမ်းပစ္စည်းများထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည်။ ပဲပုပ်ဆီအား အလှဆီ၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပုံနှိပ်မင်၊ အိမ်သုတ်ဆေးထုတ်လုပ်ရာတွင်လည်းကောင်း၊ လျှပ်စစ်ပစ္စည်း အကာအကွယ်ပစ္စည်းနှင့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်ရာတွင်လည်းကောင်း အသုံးပြုကြသည်။ ပဲပုပ်ဆီကြိတ်ရာမှထွက်ရှိသော ပဲပုပ်ဆီကြိတ်ဖတ်များကို တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်သည့် ပဲနို့ရည်၊ ပဲပြား၊ ဖယောင်းတိုင်နှင့် ဆပ်ပြာများထုတ်လုပ်မှု ရှိကြောင်းသိရှိရသည်။ အထူးသဖြင့် ပဲပုပ်ကြိတ်ဖတ် ဖြင့်ပြုလုပ်သော အသားတုများနှင့် မုန့်အမျိုးမျိုးတို့သည် သက်သတ်လွတ်စားသုံးသူများနှင့် ကလေးသူငယ်များအတွက် အထူးသင့်တော်သည်။

ပဲပုပ်ဖတ် (Soybean meal) သည် မွေးမြူရေးအစာထုတ်လုပ်ရေးတွင် အရေးအကြီးဆုံး အသားဓာတ် အရင်းအမြစ်ဖြစ်သည်။ အသားဓာတ်ပါဝင်မှုမြင့်မားသကဲ့သို့ အဆိုပါအသားဓာတ်တည်ဆောက်ထားသည့် အမိုင်နိုအက်စစ်များ၏ တွဲစပ်ပုံ (Amino Acid Profile) သည်လည်း တိရစ္ဆာန်များအတွက်လိုအပ်ချက်ဖြင့် ကိုက်ညီမှုရှိခြင်းကြောင့် မွေးမြူရေးအစာရောစပ်ရာတွင် ပဲပုပ်ဖတ်သည် မပါမဖြစ် ပါဝင်ပစ္စည်းတစ်ခုဖြစ်လာသည်။

မြန်မာနိုင်ငံ၏ ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု အနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ၃၂၆၇၈၇ ဧကစိုက်ပျိုးခဲ့ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၈ ဒသမ ၆၃၄ တင်း ထွက်ရှိခဲ့သည်။ မြန်မာနိုင်ငံမှ ပဲပုပ်တင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံအပါအဝင် အိန္ဒိယနှင့် ထိုင်းတို့သို့ တင်ပို့လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပဲပုပ် ၂၂၈ ဒသမ ၇၃ မက်ထရစ်တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၀ ဒသမ ၂၀ တင်ပို့နိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် ပဲပုပ်စားသုံးမှုအလွန်များပြားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြည်တွင်း၌ စားသုံးသော ပဲပုပ်၏ ၈၅ ရာခိုင်နှုန်း သို့မဟုတ် တန်ချိန်သန်း ၁၀၀ ခန့်အား နှစ်စဉ်ပြည်ပမှ ဝယ်ယူတင်သွင်းနေရပြီး အမေရိကန်နှင့် ဘရာဇီးတို့သည် အဓိကတင်သွင်းသည့် နိုင်ငံများ ဖြစ်သည်။ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ပြောင်းတင်သွင်းမှုမှာ ပြည်တွင်းစားသုံးမှုပမာဏ၏ ၈ ရာခိုင်နှုန်းခန့်ရှိပြီး ပဲပုပ်တင်သွင်းမှုမှာမူ ၈၇ ရာခိုင်နှုန်းအထိရှိကြောင်း သိရှိရသည်။

တရုတ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့၏ သီးနှံအလားအလာခန့်မှန်းချက်ထုတ်ပြန်ရာတွင် ၂၀၂၃-၂၀၂၄ ခုနှစ် သီးနှံရာသီ၌ ပြောင်းထုတ်လုပ်မှု မြင့်တက်မည်ဖြစ်သော်လည်း ပဲပုပ်စေ့ထုတ်လုပ်မှု ကျဆင်းနိုင်မည်ဖြစ်ကြောင်းနှင့် ပဲပုပ်စေ့ထုတ်လုပ်မှုကို ယခင်ခန့်မှန်းချက်ဖြစ်သော တန်ချိန် ၂၀ ဒသမ ၈၉ သန်းမှ တန်ချိန် ၂၀ ဒသမ ၈၄ သန်းသို့ လျော့နည်းထွက်ရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် US Department of Agriculture ၏ အစီရင်ခံစာတွင် တရုတ်နိုင်ငံသည် လာမည့် ဆယ်စုနှစ်အတွင်း လယ်ယာထွက်ကုန် တင်သွင်းမှုကို ဆက်လက်ဦးဆောင်မည် ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့ပဲပုပ်အများဆုံး တင်သွင်းသူအဖြစ် ဆက်လက်ရပ်တည်နေမည်ဖြစ်ပြီး ၂၀၃၃-၂၀၃၄ ခုနှစ်တွင် ကမ္ဘာ့ပဲပုပ်တင်သွင်းမှု၏ ၆၂ ဒသမ ၄ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားကြောင်း၊ လာမည့် ၁၀ နှစ်အတွင်း တရုတ်နိုင်ငံ၏ ပဲပုပ်ဝယ်လိုအားသည် ကမ္ဘာ့ပဲပုပ်ကုန်သွယ်မှုကို ဆက်လက်မြင့်တက်လာစေမည်ဖြစ်ပြီး ကမ္ဘာ့ပဲပုပ်တင်သွင်းမှုသည် တန်ချိန် ၂၂၁ ဒသမ ၆ သန်းအထိ ရှိလာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

### စံချိန်စံညွှန်းပြည့်မီစွာ တင်ပို့နိုင်ရေးဆောင်ရွက်

တရုတ်နိုင်ငံ၏ ပဲပုပ်လိုအပ်ချက်မှာ နှစ်စဉ်မြင့်တက်လျက်ရှိရာ ထိုသို့ကြီးမားသော ပဲပုပ်ဈေးကွက်တည်ရှိနေသည့် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် မြန်မာနိုင်ငံအနေဖြင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာပါက တရုတ်နိုင်ငံအပါအဝင် ကမ္ဘာ့ပဲပုပ်ဈေးကွက်၏ ကုန်သွယ်ရေးဇာတ်ခုံပေါ်တွင် တစ်ထောင့်တစ်နေရာမှ ပါဝင်လာနိုင်ဖွယ်ရှိပေသည်။ ထို့အတွက် ဈေးကွက်အလားအလာရှိသည့် မြန်မာ့ပဲပုပ် တိုးချဲ့စိုက်ပျိုးရေးနှင့် အထွက်နှုန်း တိုးတက်ရရှိရေး၊ ထွက်ရှိလာသည့် ပဲပုပ်များ အရည်အသွေးကောင်းမွန်ပြီး ပြည်ပဈေးကွက်သို့ စံချိန်စံညွှန်းပြည့်မီစွာ တင်ပို့နိုင်ရေးဆောင်ရွက်ရန် လိုအပ်သည်။ ပဲပုပ်စိုက်ပျိုးရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးထုတ်လုပ်ရန်လိုအပ်ပြီး နိုင်ငံတကာ ဈေးကွက်အတွင်း မြန်မာ့ပဲပုပ်မျိုးများ ဝင်ဆံ့နိုင်ရန် အရည်အသွေးနှင့် ဈေးကွက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများကို သက်ဆိုင်ရာ Stake Holder များ ပူးပေါင်းဆောင်ရွက်ရန်လည်း အထူးလိုအပ်ပါသည်။

ပဲပုပ်သီးနှံ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ပြည်တွင်း၌ ကျန်းမာရေးနှင့်ညီညွတ်သော ပဲပုပ်ဆီကို စားသုံးနိုင်ပြီး ပြည်ပမှ စားသုံးဆီတင်သွင်းနေရမှုကိုလည်း လျှော့ချနိုင်သည့်အပြင် တိရစ္ဆာန်အစာအတွက် လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ မွေးမြူရေးအစာလိုအပ်ချက်အရ တစ်နှစ်လျှင် ပြည်ပမှတန်ချိန် ကိုးသိန်း တင်သွင်းလျက်ရှိရာ ပြည်တွင်း၌ တိုးမြှင့်ဆောင်ရွက်လာသော မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် အစာကုန်ကြမ်းများကို ပြည်ပမှတင်သွင်းခြင်းထက် ပြည်တွင်းတွင် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် စိုက်ပျိုးတောင်သူများ ဝင်ငွေရရှိသည့်အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍာဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းတစ်ရပ်ရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**✳ ဈေးကွက်အလားအလာရှိသည့် မြန်မာ့ပဲပုပ် တိုးချဲ့စိုက်ပျိုးရေးနှင့် အထွက်နှုန်း တိုးတက်ရရှိရေး၊ ထွက်ရှိလာသည့် ပဲပုပ်များ အရည်အသွေးကောင်းမွန်ပြီး ပြည်ပဈေးကွက်သို့ စံချိန်စံညွှန်းပြည့်မီစွာ တင်ပို့နိုင်ရေးဆောင်ရွက်ရန်လိုအပ်**

**✳ ပဲပုပ်သီးနှံ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ပြည်တွင်း၌ ကျန်းမာရေးနှင့်ညီညွတ်သော ပဲပုပ်ဆီကို စားသုံးနိုင်ပြီး ပြည်ပမှ စားသုံးဆီတင်သွင်းနေရမှုကိုလည်း လျှော့ချနိုင်သည့်အပြင် တိရစ္ဆာန်အစာအတွက် လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်**

# တောင်ကြီးမြို့နယ် (ကျောက်နီစိုက်ကွင်း) နွားမွေးမြူရေးဇုန်၌ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် ရေရရှိရေး ဆောင်ရွက်လျက်ရှိ

**တောင်ကြီး ဇူလိုင် ၇**

တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် (ကျောက်နီစိုက်ကွင်း) အတွင်းမှ နွားမွေးမြူရေးဇုန်တွင် လုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများက ဇူလိုင် ၆ ရက်တွင် ကွင်းဆင်းဆောင်ရွက်သည်။

ပြည်နယ်ဝန်ကြီးချုပ်အား ပြည်နယ်အဆင့် တာဝန်ရှိသူများက မွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး၊ မွေးမြူရေးဇုန် ရှင်းလင်းဆောင် တည်ဆောက်ရေးကိစ္စရပ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး မွေးမြူရေးလုပ်ငန်းရှင်များကလည်း ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် မွေးမြူရေးလုပ်ငန်းရှင်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က နွားစာမြက်မျိုးများ ထောက်ပံ့ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဇုန်အတွင်း တည်ဆောက်ထားသည့် နွားမွေးမြူမည့်ခြံ၊ နေပီယာနွားစာမြက်စိုက်ခင်း၊ ဇုန်အတွင်း တူးဖော်ထားသည့် အမှတ်(၁)၊ အမှတ်(၂) ရေကန်နှင့် Super Seven Star ကုမ္ပဏီမှ တည်ဆောက်မည့် နွားမွေးမြူရေးခြံနေရာ၊ ဇုန်အဝင် ပိုးသတ်ဆေးဖျန်းဂိတ် တည်ဆောက်မည့်နေရာနှင့် လျှပ်စစ်မီးတိုင်စိုက်ထူမည့်နေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**မောင်မောင်သန်း (တောင်ကြီး)**



ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မွေးမြူရေးလုပ်ငန်းရှင်များအား နွားစာမြက်ပျိုးစေ့ထုပ်များ ပေးအပ်စဉ်။

# ပြည်တွင်းပြည်ပဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း မြေပဲလုံးဆန်များ အရောင်းအဝယ်သွက်နေ

**မန္တလေး ဇူလိုင် ၇**

ယခုရက်ပိုင်းအတွင်း ပြည်တွင်းပြည်ပ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာသည့် မြေပဲလုံးဆန်များ အရောင်းအဝယ် သွက်လက်ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ မြေပဲလုံးဆန်များသည် မန္တလေးဈေးကွက်အတွင်းသို့ ထီးချိုင့်၊ ကသာ၊ စဉ့်ကူး၊ မြောင်၊ မြင်းမူ၊ နွားထိုးကြီး၊ မြင်းခြံစသည့်ဒေသအသီးသီးမှဝင်ရောက်လာကြောင်း၊ ယင်းမြေပဲလုံးဆန်များသည် ပြည်တွင်းပြည်ပဝယ်ယူမှုများကြောင့် လက်ရှိအချိန်တွင် ဈေးကောင်းရပြီး ဈေးကွက်အတွင်း အရောင်းအဝယ်များ သွက်နေကြောင်း သိရသည်။

"ယခုရက်ပိုင်း ပြည်တွင်းရော၊ ပြည်ပရော မြေပဲလုံးဆန်တွေကို ဝယ်ယူနေတာကြောင့် ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေတယ်။ အခုချိန်မှာ ပြည်တွင်းက ဆီစက်တွေရော၊ ပြည်ပဝယ်လက်တွေရော ဝယ်ယူလာတာကြောင့် မြေပဲလုံးဆန်ဈေးက ကောင်းနေပါတယ်။ လက်ရှိအချိန် မန္တလေးဈေးကွက်ကို နယ်စုံဒေသက မြေပဲတွေလည်း လှိုင်လှိုင်ဝင်ရောက်နေတဲ့အတွက် ဒီရာသီမှာ တောင်သူတွေ အရောင်းအဝယ်အဆင်ပြေနေပါတယ်။ အခုရက်ပိုင်းမှာ မြေပဲလုံးဆန်တွေ အရောင်းအဝယ်သွက်နေပါတယ်" ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။



အဆိုပါ မြေပဲများကို မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပြည်တွင်းစားသုံးမှု ဖူလုံစေရန်အတွက်သာမက ပြည်ပသို့ တင်ပို့ရောင်းချရန် အဓိကသီးနှံအဖြစ် အားထားစိုက်ပျိုးကြပြီး ယင်းဒေသများအနက် မကွေးတိုင်းဒေသကြီးမှ အများဆုံးထွက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



# စဉ့်ကိုင်မြို့၌ နွေစပါး စံကွက်ရိတ်သိမ်းမှု စပါးအစို ၁၅၈ တင်းနှုန်းထွက်ရှိ

**စဉ့်ကိုင် ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် တအုံကျေးရွာအုပ်စု ဆောက်အင်းကျေးရွာရှိ တောင်သူဦးကျော်နိုင်ဦး၏ နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်၌ (GW–11)စပါးမျိုး စံကွက်ရိတ်သိမ်းပွဲကို ဇူလိုင် ၅ ရက်ကပြုလုပ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းဇော်က ဒေသတွင်းဆန်ဖူလုံမှုရရှိစေရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန် သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄) ချက်ကို ပျိုးထောင်စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်အထိ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ ရှင်းလင်းဆွေးနွေး၍ တောင်သူများ သိပ္ပံနည်းကျစိုက်နည်းစနစ်ကို လိုက်နာဆောင်ရွက်ပါက စပါးတစ်ဧက တင်း ၁၀၀ ကျော် ထွက်ရှိနိုင်မည်ဖြစ်ကြောင်းနှင့် (မျိုး၊မြေ၊ရေ၊နည်း) ပညာပေးလုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းအားဖြင့် အထွက်နှုန်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် (GW–11) စပါးမျိုး စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် အစို ၁၅၈ တင်းနှုန်း ထွက်ရှိခဲ့ပြီး အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့ ကျောက်ဆည်ခရိုင်နှင့် စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်လေ့လာကြသည်။

**မောင်ကျော်ကြီး**

# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းသီးနှံ ၁၄၀၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းသီးနှံကို တစ်မြို့နယ်လုံး ၁၃၃၉၅ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ဇူလိုင် ၆ ရက်အထိ ၁၄၀၉၂ ဧက စိုက်ပျိုးပြီးစီးခြင်းဖြစ်သည်။

"နှမ်းသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး ဒေသခံတောင်သူတွေကို တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိစေဖို့ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနည်းပညာတွေနဲ့ အထွက်နှုန်းကောင်းမွန်တဲ့ ပေါင်ကြီးတင်စိုက်ပျိုးနည်းစနစ်တွေကို သိရှိလိုက်နာနိုင်ဖို့ ပညာပေးလုပ်ငန်းတွေ ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီဒေသက စိုက်ပျိုးရေဖူလုံတဲ့အပြင် စိုက်ပျိုးမြေလည်း ကောင်းမွန်တဲ့အတွက် ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးရေးလုပ်ငန်းဟာ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ အခုလက်ရှိမှာ နှမ်းဈေးကလည်း ကောင်းမွန်နေတာကြောင့် ဒေသခံတောင်သူတွေက မိုးသီးနှံစိုက်ပျိုးရာသီမှာ နှမ်းစိုက်ပျိုးရေးကို ပိုမိုအားထားစိုက်ပျိုးလုပ်ကိုင်ကြပါတယ်" ဟု ဦးစီးမှူးက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ချည်မျှင်ရှည်ဝါ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်း၊ ကြံနှင့် အခြားပဲသီးနှံများကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကာ သီးနှံအထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်သည့်စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ညောင်ဦးမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်လံသတိပေးနှိုးဆော်

**ညောင်ဦး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုအန္တရာယ် စသည့် သဘာဝဘေး အန္တရာယ်များနှင့် ပတ်သက်ပြီး ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရန်နှင့် လိုအပ်သောရာဖွေ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ချက်ချင်းကူညီဆောင်ရွက်ပေးနိုင်ရန် ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဧရာဝတီမြစ်ကမ်းဘေး တစ်လျှောက် ရေဝင်ရောက်နိုင်သည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ ဇူလိုင် ၇ ရက်တွင် လိုက်လံအသိပညာပေး နှိုးဆော်ကြသည်။

ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်၏ ကြီးကြပ်မှုဖြင့် ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဧရာဝတီမြစ်ကမ်းဘေး တစ်လျှောက်ရှိ ရပ်ကွက်/ ကျေးရွာများအတွင်း မြစ်ရေဝင်ရောက်မှုများ ဖြစ်ပွားလာပါက အရေးပေါ် ကယ်ဆယ်ရေးနှင့် ရေဘေး၊ မြေပြိုဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကို ပြည်သူများ သိရှိလိုက်နာနိုင်ရန် လိုက်လံသတိပေး နှိုးဆော်ခြင်း ဖြစ်သည်။

ညောင်ဦးမြို့နယ် အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ပြည်သူများ အနေဖြင့် ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန အရေးပေါ်ဖုန်းနံပါတ် ၁၉၁ နှင့် ရုံးဂျူတီဖုန်း ၀၆၁–၂၄၆၀၁၉၁ သို့ ချက်ချင်းသတင်းပို့၍ ဆက်သွယ်အကူအညီရယူနိုင်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် (၉၄) ရပ်ကွက်မှ ပြည်သူများအား ပန်းခင်းစီမံချက် (၃) အရ အိမ်ထောင်စုလူဦးရေစာရင်းနှင့် အသက် ၁၆ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များကို မြို့နယ်လဝကဦးစီးဌာနမှူး ဦးအေးကျော် ဦးဆောင်သည့် ဝန်ထမ်းများ ဇူလိုင် ၆ ရက်က ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (ဒဂုံဆိပ်ကမ်းမြို့နယ်၌ (၆၇) ရပ်ကွက်နှင့် (၈၈)ရပ်ကွက်တို့တွင်လည်း အလားတူ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။)

ကျင်မောင် (ဆိပ်ကမ်း)



# ရေကူးကျွမ်းကျင်ကာ ငါးဖမ်းလည်း ကျင်လည်သော... ထူးခြားလှသည့် ငှက်ကြီးဝန်ပို

*သိန်းညွန့် (P.Z.L)*

အဖြူရောင်အဆင်း၊ အမောက်လည်တိုင်နှင့် အမြီးပိုင်းမီးခိုးရောင်ဖြင့် အောက်မေးစေ့တွင် ပါရှိသော ဆန့်နိုင် ကျုံ့နိုင် လှုပ်ရှားနိုင်သည့် အိတ်ဖြင့် ရေပြင်တစ်လွှား ကျက်စားမြူးထူးသည့် ငှက်ကြီးဝန်ပို။

**ငါးများကို ကျင်လည်စွာဖမ်းယူ**

ရေပြင်တွင် ကျွမ်းကျင်လှသည့် ကူးခပ်ဟန်ဖြင့် ငါးများကို ကျင်လည်စွာဖမ်းယူစားသုံးကြသော ငှက်ကြီးဝန်ပိုနှင့်စပ်လျဉ်း၍ ပုံပြင်တစ်မျိုးပင် ရှိခဲ့ဖူးသည်။ ယင်းသည်ကား အောက်နှုတ်သီးတွင် ပါရှိသော အိတ်ကြီး၏ပမာဏသည် ကလေးငယ်တစ်ဦးကိုပင် ပုခက်ကဲ့သို့ ထည့်သိုကာ ပျံသန်းနိုင်ကြောင်း ဖော်ညွှန်းထားခြင်းပင် ဖြစ်ပေသည်။

မြန်မာကဗျာစာဆိုကြီး မင်းသုဝဏ်ကလည်း "ငှက်ကြီးဝန်ပို" ဟူသည့်ကဗျာတွင် **ငှက်ကြီးရယ်ဆို၊ ဝန်ပိုရဲ့သား၊ လက်ပံပင် မိခင် သိပ်တယ်၊ အိပ်ပါတော့လား** ဟူ၍ ငှက်ကြီးဝန်ပိုကို စာတစ်စောင် ကဗျာတစ်ပုဒ်အဖြစ် ထုဆစ် ဖော်ညွှန်းခဲ့ပေသည်။

**ကမ္ဘာတစ်ခွင်၌ မျိုးစိတ်ရှစ်မျိုးရှိ**

**ကမ္ဘာတစ်ခွင်၌ ငှက်ကြီးဝန်ပို ငှက်မျိုးစိတ် ရှစ်မျိုးရှိကြောင်း သိမှတ်ရပြီး မြန်မာနိုင်ငံ၌မူ မျိုးစိတ်နှစ်မျိုး ကျက်စား**

Spot-billed Pelican ဟူ၍ အင်္ဂလိပ်အမည်ရ ငှက်ကြီးဝန်ပိုသည် ခန္ဓာကိုယ်ကြီးမားသည်နှင့် အမျှ ခြေတံတို၍ ခြေချောင်းများ၌ ရေယက်ပါရှိသည်။ ကမ္ဘာတစ်ခွင်၌ ငှက်ကြီးဝန်ပိုငှက်မျိုးစိတ် ရှစ်မျိုးရှိကြောင်း သိမှတ်ရပြီး မြန်မာနိုင်ငံ၌မူ မျိုးစိတ်နှစ်မျိုး ကျက်စားကြရာ နိုင်ငံ၏ အနောက်၊ မြောက်၊ တောင်ပိုင်းနှင့် တနင်္သာရီမြောက်ပိုင်း၌ အဓိက တွေ့ရှိရကြောင်း၊ ဟူးကောင်းချိုင့်ဝှမ်း၊ အထက်ချင်းတွင်းဒေသနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ကျက်စားကြောင်း တွေ့ရှိရသည်။ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့်ဝေါမြို့နယ် အတွင်းရှိ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ကချင်ပြည်နယ် အင်းတော်ကြီးဒေသ၌လည်း နေထိုင်ကျက်စားကြကြောင်း တွေ့ရှိရသည်။

**ဆောင်းခိုငှက်မဟုတ်**

ရေတိမ်ပြီး ရေချိုရေတိမ်ဒေသများ၌ ကျက်စားလေ့ရှိသော ငှက်ကြီးဝန်ပိုသည် ဆောင်းခိုငှက် အမျိုးအစားမဟုတ်ဘဲ အခြားရေငှက်အုပ်စုများနှင့်ပါ ရောနှောအသိုက်ဖွဲ့ကာ ကျက်စားကြလေ့ရှိသည်။ နိုင်ငံတကာသဘာဝထိန်းသိမ်းရေးအဖွဲ့ (IUCN) က ငှက်ကြီးဝန်ပိုမျိုးစိတ်ကို ၂၀၀၇ ခုနှစ်ကတည်းကပင် မျိုးသုဉ်းမှု အန္တရာယ်ခြိမ်းခြောက်ခံလုနီးအဆင့် သတ်မှတ်ထားခဲ့ရာ ကောင်ရေ တဖြည်းဖြည်းကျဆင်းလာခဲ့ကြောင်း သိမှတ်ရသည်။

မြန်မာနိုင်ငံတွင် ဒေသမျိုးရင်းငှက် ကိုးမျိုးရှိသည့်အနက် ပုဂံရှေးဟောင်းယဉ်ကျေးမှု ဇုန်အတွင်း စွေ့၊ ဘီလုံး၊ ငှက်မင်းသားဝမ်းဖြူ၊ ဧရာဝတီဗွတ်ချွဲ၊ ချိုးလင်းပြာ၊ နဖားကြိုးအမြီး ဝိုင်းနှင့် ငှက်လက်မဖြီးရှည်ညိုတို့ကို ပုဂံမြို့လောကနန္ဒာဥယျာဉ်အတွင်းနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှု ဇုန်အတွင်း တွေ့နိုင်ပေသည်။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ မြန်မာ့ဒေသရင်း ငှက်မျိုးစိတ်ခုနစ်မျိုး လေ့လာနိုင်

■ *ဒီပါလင်း*

အဆိုပါ မြန်မာ့ဒေသရင်းရှားပါးငှက်မျိုးစိတ် ခုနစ်မျိုးကို ငှက်ချစ်သူများ၊ ငှက်ဝါသနာရှင်များနှင့် သတ္တဗေဒ ကျောင်းသား ကျောင်းသူများအနေဖြင့် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ခရီးစဉ်အတွင်း လေ့လာတွေ့ရှိနိုင်ကြောင်း ဧည့်လမ်းညွှန်အသင်း(ပုဂံဇုန်) နာယကဦးဇော်ဝင်းချိုက ပြောသည်။


ဘီလုံးငှက်

**ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ငှက်ကြည့်ခရီးစဉ်များ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ကာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်သင့်**


ချိုးလင်းပြာ

**ဘီလုံးငှက်**

လောကနန္ဒာဘေးမဲ့တော ဥယျာဉ်အတွင်း အမြဲနေထိုင်ကျက်စားလေ့ရှိပြီး အစားအစာပေါများခြင်း၊ လုံခြုံမှုရှိသည့်အတွက် အကောင်ရေတိုးပွားလာကြောင်း သိရသည်။ ဥယျာဉ်တစ်ခုလုံး အနှံ့အပြားတွေ့ရတတ်သော်လည်း ချုံပင်များပေါသော ကွင်းပြင်နေရာတွင် အများဆုံး ကျက်စားကာ အသိုက်လုပ်ဥဥခြင်းများကို ပြုလုပ်လေ့ရှိကြသည်။

**စွေ့ငှက်**

ပုဂံရှေးဟောင်း ယဉ်ကျေးမှုဇုန်အတွင်း အမြဲ နေထိုင်ကျက်စားလေ့ရှိပြီး အစာရေစာပေါများကာ လုံခြုံမှုရှိခြင်းကြောင့် အကောင်ရေတိုးပွားလာခဲ့ပြီး လူများနှင့် ယဉ်ပါးလွယ်၍ လူနေအိမ်များအနီးသို့ပင် လာရောက်ကျက်စားနေထိုင်ကြကြောင်း သိရသည်။ လောကနန္ဒာဘေးမဲ့တောဥယျာဉ် ဝန်ထမ်းများ ကွင်းဆင်းလေ့လာချက်အရ စွေ့ငှက်ကောင်ရေ ၅၅၀ ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**ငှက်မင်းသားဝမ်းဖြူ**

ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းဒေသအတွင်း အမြဲနေထိုင်ကျက်စားလေ့ရှိကြောင်း၊ ကွင်းပြင်များတွင်လည်း အများဆုံးတွေ့ရသည့် ငှက်ဖြစ်ကာ ခြောက်ကောင်အုပ်၊ ရှစ်ကောင်အုပ်၊ အုပ်လိုက် ကျက်စားနေထိုင်ကြကြောင်း သိရသည်။

**ချိုးလင်းပြာ**

ဥယျာဉ်အတွင်း အနှံ့အပြားတွေ့ရပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်းတွင်လည်း တွေ့ရှိနိုင်သည်။ လူများနှင့် ယဉ်ပါးလွယ်၍ လူနေအိမ်များအနီးသို့ပင် လာရောက်ကျက်စားနေထိုင်ကြကြောင်း၊ စုံတွဲနေထိုင်သည်ကို အများဆုံးတွေ့ရကြောင်း သိရသည်။

**ဧရာဝတီဗွတ်ချွဲ**

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်တစ်ခုလုံးတွင် တွေ့ရသည်။ လူများနှင့် ယဉ်ပါးလွယ်၍ လူနေအိမ်များအနီး ငှက်သိုက်ဆောက်လုပ် နေထိုင်ကျက်စားကြသည်။ လောကနန္ဒာဘေးမဲ့တော ဥယျာဉ်ထဲတွင်ပင် အကောင်ရေ ၃၀၀ ခန့်ရှိကြောင်း သိရသည်။

**နဖားကြိုးအမြီးဝိုင်းငှက်**

အဆိုပါ နဖားကြိုးအမြီးဝိုင်းငှက်သည် တစ်နေရာတည်းတွင် နေထိုင်ကျက်စားသည့် ငှက်မဟုတ်ဘဲ ဧည့်သည်ငှက်ပမာ တွေ့ရှိတတ်ကြပြီး လောကနန္ဒာဘေးမဲ့တောဥယျာဉ်နှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်တွင် တွေ့ရှိရသည်မှာ ခုနစ်နှစ်ခန့်သာ ရှိသေးကြောင်း၊ စတင်တွေ့ရှိခဲ့စဉ်က နှစ်ကောင်တစ်စုံ သစ်ပင်ထိပ်ဖျားတွင် စတင်တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပြီး နောက်ဆုံး ၂၀၁၈ ခုနှစ်တွင် ခြောက်ကောင်တစ်အုပ်ကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။


ငှက်မင်းသားဝမ်းဖြူ


ငှက်လက်မဖြီးရှည်ညို


နဖားကြိုးအမြီးဝိုင်းငှက်

**ငှက်လက်မဖြီးရှည်ညို**

ပုဂံ-ညောင်ဦးဝန်းကျင်ရှိ လယ်ယာစိုက်ခင်းများ၊ ကိုင်းတောများ၊ မြက်တောများတွင် ဥယျာဉ်အတွင်း ငှက်စာရင်းကောက်လုပ်ငန်း ဆောင်ရွက်စဉ် ၁၀ ကောင်ထက်မပိုဘဲ ကွဲပြားစွာနေထိုင်ကျက်စားသည်ကို တွေ့ရှိရသည်။ ဥယျာဉ်အတွင်း နေထိုင်ကျက်စားသည့် ငှက်အားလုံး ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လေ့လာသုတေသနပြု ကာလများတွင် ၄-၅ ကောင်ခန့်သာ တွေ့ရှိမှတ်တမ်းတင်နိုင်ကြောင်း သိရသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ငှက်ကြည့်ခရီးစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဖော်ဆောင်ကာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်သင့်သည်။ ယခုအချိန်အထိ ပုဂံဒေသသို့ ငှက်ကြည့်ရန်အတွက် ဂျာမနီ၊ အင်္ဂလန်၊ ပြင်သစ်၊ ထိုင်း၊ အမေရိကန်နိုင်ငံသားများ အများဆုံးလာရောက်ကြောင်း ဧည့်လမ်းညွှန်အသင်းဥက္ကဋ္ဌ ဦးသန်းဌေးက ပြောကြားသည်။

ပုဂံရှေးဟောင်းဇုန်အတွင်းရှိ ရှေးဟောင်းရေကန်များ ရေဝင်ရောက်ချိန်တွင်လည်း ခရုစုတ်၊ ခရုတုတ်ငှက်များ၊ မန်ဒါလီများ၊ ရေကြက်များ၊ စာဝတီးအုပ်များ၊ ရေဘဲများ လာရောက်ကျက်စားခြင်းကလည်း ပြည်တွင်းပြည်ပ ဧည့်သည်များကို ဆွဲဆောင်လျက်ရှိကြောင်း ငှက်လမ်းညွှန်ဦးသက်ဝင်းက ရှင်းပြသည်။ ခရီးစဉ်ဒေသအသစ်တစ်ခုဖြစ်သည့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင်လည်း ကမ္ဘာ့ရှားပါးကြယ်လိပ်များ၊ တိုက်လိပ်များနှင့် ရှားပါးငှက်မျိုးစိတ်များကို လက်တွေ့လေ့လာကြည့်ရှုနိုင်မည်ဖြစ်ပေသည်။ ။

# မင်းဘူးခရိုင်၌ ငါးနှစ်တာကာလအတွင်း သဘာဝဘေးအန္တရာယ် အကြိမ် ၃၅၀ ကျော်အထိ ဖြစ်ပွားခဲ့

**မင်းဘူး ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၌ ၂၀၁၉-၂၀၂၀ မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ငါးနှစ်တာကာလအတွင်း မီးဘေး၊ ရေဘေး၊ လေဘေး၊ ကမ်းပြိုဘေး၊ မိုးကြိုးဘေး၊ သစ်ပင်ပြိုလဲ စသည့် ထူးခြားဖြစ်စဉ် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုအမျိုးအစားအလိုက် အကြိမ်ရေပေါင်း ၃၅၀ ကျော်အထိ ဖြစ်ပွားမှုရှိခဲ့ကြောင်း မင်းဘူးခရိုင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ထံမှ သိရသည်။

### ဘေးဖြစ်ပွားခဲ့မှု

မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ငါးနှစ်တာကာလအတွင်း မီးဘေး ၄၉ ကြိမ်၊ ရေဘေး ၃၅ ကြိမ်၊ လေဘေး ၁၁၈ ကြိမ်၊ ကမ်းပြိုဘေး ၁၁၈ ကြိမ်၊ မိုးကြိုးဘေး ရှစ်ကြိမ်၊ သစ်ပင်ပြိုလဲ သေဆုံးမှု တစ်ကြိမ်၊ တိုက်ပွဲရှောင် ၁၇ ကြိမ်နှင့် ထူးခြားဖြစ်စဉ် ခုနစ်ကြိမ် စုစုပေါင်း အကြိမ်ရေ ၃၅၃ ကြိမ်အထိ ဖြစ်ပွားကာ အိမ်ထောင်စုပေါင်း ၉၁၅၇ ဦး၊ လူဦးရေပေါင်း ၃၃၆၃၁ ဦး ဘေးသင့်ခဲ့ရပြီး ဘာသာရေးအဆောက်အအုံ အလုံး ၄၀ ထိခိုက်ပျက်စီးကာ ဒဏ်ရာရရှိသူ ၁၈ ဦးနှင့် သေဆုံးသူ ၂၉ ဦးအထိ ရှိခဲ့ကြောင်း၊ အဆိုပါ သဘာဝဘေးဖြစ်ပွားခဲ့မှုများအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့မှုအနေဖြင့် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်းတန်ဖိုး ကျပ် ၅၀၂၃၀၉၁၄၅ (ကျပ်သိန်းပေါင်း ငါးထောင်ကျော်)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မင်းဘူးခရိုင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသွယ်ဝင်းက ပြောသည်။

### ကြိုတင်ကာကွယ်ရေး

ယခုလက်ရှိ မိုးတွင်းကာလတွင်လည်း ဧရာဝတီမြစ်ရေ မြင့်တက်လာမှုနှင့်အတူ ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ဖြစ်ပွားလာပါက မီးသတ်ဦးစီးဌာနက မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု)၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲနှင့် စေတုတ္တရာ မြို့နယ်များအပြင် မီးသတ်ဦးစီးဌာန လက်အောက်ရှိ သက်ဆိုင်ရာ နယ်မြေခံမီးသတ်စခန်းများတွင်လည်း အရေးပေါ် ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့များအား လူ/ယာဉ်/စက်ယန္တရားများဖြင့် တစ်မြို့နယ်လျှင် တပ်စုတစ်စု (၃၅ ဦးနှုန်းဖြင့်) တပ်စုငါးစု ဖွဲ့စည်းထားရာ တပ်ဖွဲ့ဝင်စုစုပေါင်း ၁၇၅ ဦးဖြင့် အရန်သင့်ဖွဲ့စည်းထားရှိကြောင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းထံမှ သိရသည်။



မင်းဘူးမြို့နယ် မီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ။

### လက်ရှိမြစ်ရေအခြေအနေ

မင်းဘူးခရိုင်၌ ဧရာဝတီမြစ်ရေသည် နေ့စဉ် တဖြည်းဖြည်းမြင့်တက်လျက်ရှိပြီး ဇူလိုင် ၆ ရက် နံနက် ၆ နာရီခွဲအထိ ၁၂၇၃ စင်တီမီတာသို့ ရောက်ရှိနေကြောင်း၊ မင်းဘူးမြို့၏ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်သည် ၁၇၀၀ စင်တီမီတာဖြစ်ကာ မြစ်ရေအမှတ် ၁၅၀၀ စင်တီမီတာကျော်သို့ ရောက်ရှိမှသာ ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက် မြေနိမ့်ပိုင်း မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများတွင် ဧရာဝတီမြစ်ရေ စတင်ဝင်ရောက်လေ့ရှိကြောင်း သိရသည်။

**မောင်မောင်**
**(မင်းဘူး)**

---

## ရွှေကူမြို့နယ်၌ ရေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**ရွှေကူ ဇူလိုင် ၇**

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းနေထိုင်ကြသော ရေဘေးသင့်အိမ်ထောင်စုများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ငွေများကို ဇူလိုင် ၇ ရက်တွင် ပေးအပ်သည်။

ရွှေကူမြို့နယ်အတွင်း မြစ်ရေကြီးမှုကြောင့် ဒုက္ခကြုံတွေ့နေရသော ပြည်သူများ၏ လတ်တလော စားဝတ်နေရေး သက်သာချောင်ချိမှု ရရှိစေရန်အတွက် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက လူတစ်ဦးလျှင် ဆန်ရိက္ခာဖိုးငွေ တစ်ရက်လျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် လူဦးရေ ၂၀၄ ဦးအတွက် ၁၄ ရက်စာ ဆန်ရိက္ခာဖိုး ငွေကျပ် ၈၅၆၈၀၀၀ ကို ပေးအပ်ခြင်းဖြစ်ပြီး ဇူလိုင် ၆ ရက်ကလည်း အမှတ်(၃) ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့် တောပုန်းကျေးရွာမှ ရေဘေးသင့်ပြည်သူ ၅၁၁ ဦးအတွက် ငွေကျပ် ၂၁၄၆၂၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄) ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်းအစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊

(ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်းသတိပြုကြပါ၊

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန် အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသော ရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်၊

(စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလ သတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မာရဝိဇယဗုဒ္ဓဆင်းတုတော်မြတ်ကြီးနှင့် အဘယရာဇမုနိဗုဒ္ဓဆင်းတုတော်မြတ်ကြီး နှစ်ဆူတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်

**နေပြည်တော် ဇူလိုင် ၇**

ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မာရဝိဇယဗုဒ္ဓဆင်းတုတော်မြတ်ကြီးနှင့် အဘယရာဇမုနိဗုဒ္ဓဆင်းတုတော်မြတ်ကြီး နှစ်ဆူတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ လောကာနန္ဒာ စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ပြုလုပ်ရာ ပြည်နယ်ဩဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒသီရိ အမှူးပြုသောသံဃာတော်များကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာသံဃာတော်များက မာရဝိဇယဗုဒ္ဓဆင်းတုတော်မြတ်ကြီးနှင့် အဘယရာဇမုနိ ဗုဒ္ဓဆင်းတုတော်မြတ်ကြီး နှစ်ဆူတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြပြီး **(အပေါ်ပုံ)** ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဗုဒ္ဓဆင်းတုတော်မြတ်ကြီးများအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နန္ဒာရာမပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်ဩဝါဒါစရိယ စစ်တွေမြို့ ပညာလင်္ကာရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တ နာဂိန္ဒထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆင်ပေါင်ဝဲမြို့နယ်၌ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**ဆင်ပေါင်ဝဲ ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များသို့ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို ယမန်နေ့ ညနေ ၅ နာရီက လိုက်လံနှိုးဆော်ဆောင်ရွက်ကြသည်။

**လှည့်လည်အသိပညာပေး**

အဆိုပါ လိုက်လံအသိပေးနှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူးဦးချစ်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က မြို့ပေါ်ရပ်ကွက်အတွင်းရှိ ပြည်သူများအား ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်တို့ ဖြစ်ပေါ်လာပါက ကြိုတင်သတိပြုကာကွယ်နိုင်စေရန်၊ သတိပြုရှောင်ရှားသင့်သည့်အပြုအမူများကို သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် အသိပညာပေးချက်များအား လှည့်လည်အသိပညာပေးခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း (ဆင်ပေါင်ဝဲ)**

## မြေပြိုဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြေပြိုဘေးအန္တရာယ်သည် ဇွန်လမှ ဩဂုတ်လများတွင် အဖြစ်များပြီး ကျန်ကာလများတွင်လည်း ရံဖန်ရံခါ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ မြေပြိုဘေးသည် ပစ္စည်းဥစ္စာဆုံးရှုံးမှု အလွန်နည်းပါးသော်လည်း လူသေဆုံးမှု၊ ထိခိုက်/ဒဏ်ရာရရှိမှုများပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် မြေပြိုဘေးသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မြေပြိုဘေးဖြစ်ပွားမှုအကြိမ်ရေ(၂၆)ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၃၆)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူသေဆုံး (၄၄)ဦး၊ ထိခိုက်/ဒဏ်ရာရရှိသူ(၁၂)ဦး ရှိခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မြေပြိုဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်း သက်သာစေရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့် မြေပြိုခြင်းမဖြစ်မီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိပတ်ဝန်းကျင်ရှိ ဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်း ကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ၊

(ခ) မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ၊

(ဂ) ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကို ကျင့်သုံးပါ၊

(ဃ) သစ်တောထိန်းသိမ်းခြင်း လုပ်ငန်းများတွင် အစိုးရရပ်ရွာ လူမှုအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပါ၊

(င) တောင်ကုန်းတောင်စောင်းတွင် နေထိုင်သူများအနေဖြင့် မိမိအိမ်ဝန်းကျင်ရှိ မြေပြိုမှုဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် အိမ်၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပါ၊

(စ) မြေပြိုမှု၊ တောင်ပြိုမှု ဖြစ်ပွားလေ့ရှိသော နေရာများကို ကြိုတင်လေ့လာထားပါ။ မြေပြိုမှုဘေးအန္တရာယ်သတိပေးဆိုင်းဘုတ်များ၊ အမှတ်အသားများကို သတိပြုပါ၊

(ဆ) မြေပြိုနိုင်သောနေရာများ (မတ်စောက်သောတောင်စောင်းများ၊ မြေပျော့သောနေရာများ၊ ရေဝပ်သောနေရာများ) တောင်စွယ်ရေစီးရာလမ်းကြောင်း မိုးရေတိုက်စားသော လျှိုအနီးတွင် အဆောက်အအုံဆောက်လုပ်ခြင်းမပြုရ။

(ဇ) မြေပြိုမည့်ရှေ့ပြေးလက္ခဏာများဖြစ်သည့်-

- မိမိတို့၏ နေအိမ်တံခါးများ ဖွင့်ပိတ်ရာတွင် ကျပ်လာခြင်း၊
- အိမ်၏ အုတ်နံရံများ အက်လာခြင်း၊
- ခြံစည်းရိုးများ နေရာရွှေ့လာခြင်း၊
- သစ်ပင်များ နေရာရွှေ့ခြင်း၊ စောင်းလာခြင်း၊
- မြေများ အက်ကွဲခြင်း စသည်တို့ကို သတိပြုမိပါက အမြန်ရွှေ့ပြောင်းရန် လိုအပ်ပါသည်။

(ဈ) မြေပြိုတတ်သော နေရာများတွင် နေထိုင်သူဖြစ်ပါက အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်တို့ကို ကြိုတင်သတ်မှတ်ထားပါ၊

(ည) တောင်စောင်းအနီးပတ်ဝန်းကျင်တွင် နေထိုင်သူများအနေဖြင့် မိမိတို့ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းကြောင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်သည်ကို သတိပြုပါ။

၅။ မြေပြိုမှုဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြေပြိုကျမှုဖြစ်နေသော နေရာများအနီးသို့ မလိုအပ်ဘဲ မသွားပါနှင့်၊

(ခ) မြေပြိုကျမှုဖြစ်နေသောနေရာများတွင်ရောက်နေပါက တတ်နိုင်သမျှ အမြန်ဆုံးဘေးလွတ်ကင်းရာသို့ ပြေးပါ။ အမြန်ဆုံး မရှောင်ခွာနိုင်ပါက နီးစပ်ရာ ခိုင်ခံ့သော နေရာ/ အဆောက်အအုံများတွင် ခိုလှုံပါ။ မြေပြိုမှုဖြစ်နေသော နေရာအနီးသို့လာသည့် လူနှင့် ယာဉ်များအား အသိပေးပါ။

၆။ မြေပြိုမှုဖြစ်ပေါ်ပြီးချိန်တွင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) မြေပြိုထားသော ပတ်ဝန်းကျင်၊ အဆောက်အအုံများ၊ လျှပ်စစ်မီးကြိုးနှင့် ဝေးဝေးနေပါ၊ မြေပြိုခြင်းဒဏ်ခံရသော နေအိမ်အဆောက်အအုံများအား သက်ဆိုင်ရာတာဝန်ရှိသူများ၏ ခွင့်ပြုချက်ရမှသာလျှင် ဝင်ရောက်နေထိုင်ပါ၊

(ခ) မြေပြိုမှုကြောင့် ဒဏ်ရာရသူ ပိတ်မိနေသူများရှိပါက ကယ်ဆယ်ရေးအဖွဲ့သို့ ချက်ချင်းအကြောင်းကြားပြီး လိုအပ်သော အကူအညီများပေးပါ၊

(ဂ) မိသားစုဝင်များ ပျောက်ဆုံးကွဲကွာပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားပါ။

(ဃ) မြေပြိုခြင်းကြောင့် နောက်ဆက်တွဲဖြစ်လာနိုင်သော ရေလွှမ်းမိုးမှု၊ ရွှံ့နုန်းမြေများ၊ မြေသားအစိုင်အခဲများ ပြိုကျစီးဆင်းလာနိုင်မှုတို့အား အထူးသတိပြုနေထိုင်ပါ၊

(င) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(စ) မြေပြိုထားသောနေရာများ၌ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များ၊ တာဝန်ရှိသူများ၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ၊

(ဆ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီ လိုအပ်သူများကို တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီဖွင့်လှစ်ထားရှိသည့် Hot-Lineဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းများနှင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအားဂုဏ်ပြုချီးမြှင့်



**ပုသိမ် ဇူလိုင် ၇**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ခရိုင်၊ မြို့နယ်ကျောင်းများနှင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က ပုသိမ်မြို့ မြို့တော်ခန်းမတွင် ပြုလုပ်ရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းနေအရွယ်ကလေးအားလုံး ရာနှုန်းပြည့်ကျောင်းတက်ရောက်စေရေး၊ စဉ်ဆက်မပြတ်အတန်းစဉ်ကူးပြောင်းစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့များ၊ ဆရာ၊ မိဘများ ပူးပေါင်းဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏အနာဂတ်ဖြစ်သည့် လူငယ်လူရွယ်များအား ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်မောင်မယ်များဖြစ်စေရန် နိုင်ငံတော်မှ အလေးထားဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း အဘက်ဘက်မှ ကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း ဂုဏ်ပြုအမှာစကားများ ပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး (ပထမ၊ ဒုတိယနှင့် တတိယ) ဆုရရှိသည့် ခရိုင်နှင့် မြို့နယ်များ၊ အထက်တန်းကျောင်းအဆင့်၊ အထက်တန်းကျောင်း(ခွဲ) အဆင့်နှင့် ကိုယ်ပိုင်အထက်တန်းကျောင်းအဆင့် (ပထမ၊ ဒုတိယနှင့် တတိယ) ဆုရရှိသည့်ကျောင်းများ၊ ဝိဇ္ဇာဘာသာတွဲတွင် နိုင်ငံအဆင့်(၄)၊ တိုင်းဒေသကြီးအဆင့် (၁)ရရှိသူ၊ နိုင်ငံအဆင့်(၅)၊ တိုင်းဒေသကြီးအဆင့် (၂)ရရှိသူ၊ နိုင်ငံအဆင့်(၇)၊ တိုင်းဒေသကြီးအဆင့် (၃)ရရှိသူနှင့် နိုင်ငံအဆင့်(၈)၊ တိုင်းဒေသကြီးအဆင့် (၄) ရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ **(ဝဲပုံ)** ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် တိုင်းဒေသကြီးအဆင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း၊ ဝိပ္ပံဘာသာတွဲတွင် တိုင်းဒေသကြီးအဆင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား တိုင်းဒေသကြီးတရားသူကြီးချုပ်ကလည်းကောင်း၊ ဝိဇ္ဇာဘာသာတွဲတွင် တိုင်းဒေသကြီးအဆင့် ထူးချွန်စွာအောင်မြင်ခဲ့သူများနှင့် ခြောက်ဘာသာဂုဏ်ထူးရှင်များအား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်များ၊ ငါးဘာသာဂုဏ်ထူးရှင်များနှင့် လေးဘာသာဂုဏ်ထူးရှင်များကို တာဝန်ရှိသူများကလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဆုများချီးမြှင့်ခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ၏ ပဥ္စမအကြိမ် အထွေထွေညီလာခံ ကျင်းပ



**နေပြည်တော် ဇူလိုင် ၇**

မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ၏ ပဥ္စမအကြိမ် အထွေထွေညီလာခံကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်၊ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ် ပထမပိုင်းတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိမိတို့နိုင်ငံတွင် ရေချိုအရင်းအမြစ်များ ပေါကြွယ်ဝသော်လည်း စိုက်ပျိုးရေလိုအပ်ချက်နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်မားလာခြင်းတို့ကို စိန်ခေါ်မှုများအဖြစ်ကြုံတွေ့ရလျက်ရှိကြောင်း၊ ရာသီဥတုပြောင်းလဲလာမှု ဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာပြီး မိုးခေါင်ခြင်း၊ မိုးနည်းခြင်း၊ လျှပ်တစ်ပြက် မိုးများခြင်းစသည့် အခြေအနေများသည် ရေလှောင်တမံကြီးများ၏ လုံခြုံစိတ်ချရမှုအပေါ် ခြိမ်းခြောက်မှုကဲ့သို့ရှုမြင်နိုင်ပါကြောင်း။

လက်ရှိ ရာသီဥတုဖြစ်စဉ်များသည် ပိုမိုပြီးဆိုးရွားလာသည့် အနေအထားဖြစ်ပြီး ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကြောင့် သဘာဝရေအရင်းအမြစ်များ ထိခိုက်ပျက်စီးလာလျက်ရှိရာ စိုက်ပျိုးရေး ကဏ္ဍတွင်လည်း ရေရှားပါးမှုဒဏ်နှင့် ရေကြီးနစ်မြုပ်မှုဒဏ်များကို ခံစားခဲ့ရပြီး အထွက်နှုန်းလျော့နည်းခြင်း၊ သီးနှံပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်မှုနှင့်အတူ စားနပ်ရိက္ခာဖူလုံမှုအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း။

သို့ဖြစ်၍ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ ရေလှောင်တမံကြီးများ၏ ကြံ့ခိုင်မှုရှိစေရေး၊ လုံခြုံစိတ်ချရမှု ရှိစေရေးနှင့် ရေရှည်အကျိုးပြုနိုင်ရေးအတွက် လိုအပ်သော Dam Safety လုပ်ငန်းများအပြင် လက်ရှိနှင့် အနာဂတ်တွင် ကြုံတွေ့လာရမည့် စိန်ခေါ်မှုများ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ရေရှားပါးလာမှုကို တုံ့ပြန်ဖြေရှင်းနိုင်မည့် ရေရရှိရေး နည်းလမ်းများနှင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအစဉ်များအပေါ်တွင်လည်း ဆက်လက်အလေးထား ကူညီဆောင်ရွက်ပေးသွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အစီအစဉ် ဒုတိယပိုင်းတွင် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ၏ အလုပ်အမှုဆောင်ကော်မတီဝင် အသစ်များကို ရွေးချယ်တင်မြှောက်ကြသည်။

အစီအစဉ် တတိယပိုင်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၉) မှ ဦးစီးမှူး ဒေါ်ဇာနည်မော်က "Climate Change Adaptation on Dam Safety" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးချမ်းမြင့်သိန်းက "Managing the Utilization of Myitnge River Basin Focused" ခေါင်းစဉ်ဖြင့် လည်းကောင်း စာတမ်းများ ဖတ်ကြားတင်သွင်းခဲ့ကြပြီး မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ၏ အလုပ်အမှုဆောင် ကော်မတီ ဥက္ကဋ္ဌအသစ် ဦးဇေစံတာက နှုတ်ခွန်းဆက်စကားနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ပြောကြားသည်။

မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ၏ နှစ်နှစ်တစ်ကြိမ် ကျင်းပသည့် အထွေထွေညီလာခံတွင် အလုပ်အမှုဆောင် ကော်မတီဝင်များ ရွေးချယ်တင်မြှောက်ခြင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဆွေးနွေးခြင်းနှင့် နည်းပညာရပ်ဆိုင်ရာများ ဆွေးနွေးဖလှယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြရာ ယခုညီလာခံကို ပဥ္စမအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် စတင်ဖွဲ့စည်းချိန်မှစတင်ပြီး ကော်မတီရည်ရွယ်ချက်များ ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ဆောင်ရွက်လျက်ရှိပြီး တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ ရေလှောင်တမံကြီးများ၏ စိုက်ပျိုးရေရရှိရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး စသည့်ကဏ္ဍများတွင် ရေရှည်လုံခြုံစိတ်ချရမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်စေရန် တစ်တပ်တစ်အား ပါဝင်ကူညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

◆ ***ကျော့ဖုံးမှ***

ပထမဆုံးကစားသည့် ပွဲတွင် အိမ်ရှင်ပရိသတ် ရှေ့မှောက်၌ နိုင်ပွဲရယူနိုင်ခဲ့သည်။ မြဝတီအသင်းမှာလည်း အဝေးကွင်းတွင် ရလဒ်ကောင်းရယူနိုင်ရန် ရုန်းကန်ခဲ့သဖြင့် ရှမ်းယူနိုက်တက်အသင်း အနိုင်ရရန် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့သော်လည်း မြဝတီအသင်းက အမာခံကစားသမားအစုံအလင်ဖြင့် ရင်ဆိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက မြဝတီအသင်းကို ဖိအားပေးကစားနိုင်သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် အနိုင်ရရန် ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးငါးကြိမ်ထက်မနည်း ရရှိခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့သဖြင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် အနိုင်ဂိုးရရန် ဒုတိယပိုင်းတွင် ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၆၉ မိနစ်တွင် မတ်ခ်ဆာကီက သွင်းယူခဲ့သည်။ မြဝတီအသင်းသည် အဝေးကွင်းတွင် ရှမ်းယူနိုက်တက်အသင်းကို အကောင်းဆုံးတုံ့ပြန်နိုင်သော်လည်း ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ယခုပွဲအတွက်အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက် ကွင်းလယ်ကစားသမား မတ်ခ်ဆာကီက ရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့် ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက Dagon Port အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် တန်းတက် Dagon Port အသင်းကို အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ရခဲ့ပြီး ၂၄ မိနစ်တွင် ဝင်းမိုးကျော်၊ ၅၄၊ ၆၇ မိနစ်တွင် စိုးကျော်ကျော်၊ ၈၈ မိနစ်တွင် ရန်နိုင်အောင်တို့က သွင်းယူသည်။ Dagon Port အသင်းအတွက် ဂိုးများကို ၉၊ ၇၉ မိနစ်တွင် မိုဂူ၊ ၄၆ မိနစ်တွင် မျိုးဆက်ပိုင်တို့က သွင်းယူခဲ့သည်။ ယင်းပွဲအတွက် အကောင်းဆုံးဆုကို Dagon Port အသင်းတိုက်စစ်မှူး မိုဂူက ရရှိခဲ့သည်။ ပုသိမ်ကွင်း၌ ကျင်းပသည့် ပွဲတွင် ဧရာဝတီအသင်းနှင့် ရတနာပုံအသင်း တစ်ဂိုးစီ သရေကျခဲ့သည်။ ၄၅ မိနစ်တွင် အောင်ပြည့်ဖြိုးက ဧရာဝတီယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ၈၅ မိနစ်တွင် ပြည်မိုးက ရတနာပုံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ပွဲစဉ် (၁) နောက်ဆုံးနေ့အဖြစ် ဇူလိုင် ၈ ရက် (ယနေ့) တွင် YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

# ခန္တီးမြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



**နေပြည်တော် ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ဇွန် ၂၆ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ခဲ့သဖြင့် ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် နယ်မြေခံ တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံ တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေါမိုင်းရပ်ကွက်ရှိ သာသနာ့ဟိတ (ဗဟိုကျောင်း)၊ အခြေခံမူလတန်းကျောင်း (ပေါမိုင်း) တို့တွင် တိမ်းရှောင်နေသည့် ရေဘေးသင့်ပြည်သူများနှင့် မြသိန်းတန်ဘုရားကုန်း၊ တပ်ဦး နန္ဒဝန်ဘုန်းတော်ကြီးကျောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း (ဇီးဖြူကုန်း) တို့၌ ရွှေ့ပြောင်းနေထိုင်နေသည့်ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ တိရစ္ဆာန်အစားအစာကုန်ကြမ်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် ဘရာဇီးနိုင်ငံထုတ် တိရစ္ဆာန်အစားအစာကုန်ကြမ်း ၇၈၉၄၆ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉၆၃၀၃၇၂) ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် YOTO Digital Timber Ports အစုံ ၃၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃၅၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၉၈၀၃၇၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် ဇူလိုင် ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၇ ဒသမ ၄၁၈ တန်၊ သစ်မာ ၁ ဒသမ ၁၂၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၄၇၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၇၀၅၀၇၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ချင်းတွင်းမြစ်ရေ ကလေးဝမြို့နှင့် မင်းကင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၇**

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော်ခန့် (၂၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

* *ကျောဖုံးမှ*

ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေခွဲခန့် (၁၀၂ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေခန့် (၉၁ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့် (၁၇ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေခန့် (၉၂ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မုံရွာမြို့နယ်၊ မန္တလေးမြို့နှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၇**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခွဲခန့် (၁၀၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲခန့် (၇၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေကျော်ခန့် (၆၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ပေခွဲခန့် (၄၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

## ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁၀ ပေခန့် (၃၀၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၁ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၆ ပေခွဲခန့် (၁၉၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၇ ပေခွဲကျော်ခန့် (၂၃၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၅ ပေကျော်ခန့် (၁၅၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

## နန့်ယင်းချောင်းရေကြီးမှုအခြေအနေ

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခန့် (၈၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

## နန့်ကောင်းချောင်းရေကြီးမှုအခြေအနေ

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေကျော်ခန့် (၆၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

## အထူးသတိပြုနေထိုင်

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်နှင့် မိုးကောင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့ အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံ ရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန် မွေးမြူရေးကန်များ၌ လိုက်နာ ဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများ တွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံ များဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေး ရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များ နှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာ များတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှု သတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာန များနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၄

ဒေါ်ကျိန်ကျုံးရွှေ(ခ)ဒေါ်ယမင်းဦး နှင့် ဦးပြည့်စုံအောင်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၁၁၈လမ်းထောင့်၊ ၅၇လမ်း နေ ဦးပြည့်စုံအောင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက စရန်ငွေကျပ်သိန်း(၅၅၀၀)နှင့်နစ်နာကြေး ငွေကျပ်သိန်း (၁၀၀၀)စုစုပေါင်း ငွေကျပ်သိန်း(၆၅၀၀)တိတိရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ် လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခု နှစ်၊ ဩဂုတ်လ ၁ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက် ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက် တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှု မဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နီနီမြင့်)
ဒုတိယခရိုင်တရားသူကြီး(၅)
မဟာအောင်မြေခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြင်ဦးလွင်ခရိုင် တရားရုံးတော်၌
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁

ဒေါ်ဆွေဆွေ(ခ)ဒေါ်အမာဆွေ နှင့် ၁။ ဒေါ်မြနှစ်
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ၂။ ဒေါ်တင်အုံးကြည်
ဒေါ်ရွှေရည်တိုး) ၃။ ဒေါ်တင်မူယာ
၄။ ဦးဆန်းလွင်
၅။ ဦးဆန်းဝင်း
၆။ ဒေါ်မူမူကျော်
**တရားလို** **တရားပြိုင်များ**

(၄)တရားပြိုင်ဦးဆန်းလွင် အမှတ်(၂၃၉/၁)၊ စိန်ပန်းမြိုင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ (၅)တရားပြိုင်ဦးဆန်းဝင်း၊ အမှတ်(၄၁)၊ ကျင်ဂနိုင်ကျေးရွာ၊ သုံးတောင်ကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ဆွေဆွေ(ခ)ဒေါ်အမာဆွေ(၎င်း၏အထွေထွေကိုယ်စား လှယ်စာရသူ ဒေါ်ရွှေရည်တိုး)က ကတိပဋိညာဉ်အတိုင်း ရောင်းကြေးကျန်ငွေများ လက်ခံရယူ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုနှင့် မြေလက် ရောက်ပေးအပ်စေမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်)၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် (၁၃၈၆ခုနှစ်၊ဝါဆိုလဆုတ်၂ ရက်)နေ့ မွန်းမတည့်မီ ၉:၃၀ နာရီတွင်အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ရုံးတော်မှ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိ သည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဆွေဆွေအေး)
ခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

## လပွတ္တာခရိုင်အတွင်း ငါးသယံဇာတတိုးပွားစေရေး အသိပညာပေး ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေပေး



လပွတ္တာ ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှ လပွတ္တာမြို့နယ်အတွင်း ငါးသယံဇာတ တိုးပွားစေရေး လူထုအသိပညာပေး ပိုစတာစိုက်ထူ ခြင်းနှင့် တားမြစ်ထားသော ငါးဖမ်းကိရိယာ ငါးဖမ်းနည်းများဆိုင်ရာ သိမှတ်ဖွယ်ရာ လက်ကမ်း စာစောင်များဖြန့်ဝေခြင်းကို ဇူလိုင် ၆ ရက်က လပွတ္တာမြို့ အမှတ်(၄)ရပ်ကွက် ရာပြည့်လမ်းရှိ ဦးဟိုက်ပင့် သင်္ချိုင်းဆိပ်ကမ်း၌ ကျင်းပရာ လပွတ္တာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ် သည်။ ယင်းနောက် ပညာပေးလက်ကမ်းစာစောင် များ ဖြန့်ဝေကြောင်း သိရသည်။ **သတင်းစဉ်**

## မော်လမြိုင်ကျွန်းမြို့၌ ငါးသယံဇာတတိုးပွားစေရေး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**မော်လမြိုင်ကျွန်း ဇူလိုင် ၇**

မော်လမြိုင်ကျွန်းမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ (၆)ရပ်ကွက် မြို့ဦးစေတီ ဆိပ်ကမ်း၌ ငါးသယံဇာတတိုးပွားစေရေး လူထုအသိပညာပေးပိုစတာ စိုက်ထူခြင်းနှင့် တားမြစ်ထားသော ငါးဖမ်းကိရိယာ၊ ငါးဖမ်းနည်းများဆိုင်ရာ သိမှတ်ဖွယ်ရာ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့ နံနက် ၉ နာရီ က အဆိုပါဆိပ်ကမ်း၌ ကျင်းပသည်။

အခမ်းအနားသို့ မော်လမြိုင်ကျွန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနမှူး ဒေါ်နှင်းရည်စိုး၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံရေလုပ်သားများ တက်ရောက်ကြသည်။ ဆက်လက်၍ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက တက်ရောက်လာသူများအား ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။**(ယာပုံ) သတင်းစဉ်**





ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ပြည့်စုံ ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် အကြိမ်(၃၀)မြောက် နှစ်ပတ်လည် အရပ်ရပ် ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၇ ရက်က မြို့နယ် သမဝါယမ အသင်းစုခန်းမ၌ကျင်းပရာ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးချစ်ကိုကိုဦးက သမဝါယမလုပ်ငန်းစဉ်များ၊ အသင်းဥပဒေ၊ နည်းဥပဒေများ၊ အသင်းဥက္ကဋ္ဌ ဦးစိုးမြင့်က အသင်း၏အခြေအနေများကို ရှင်းလင်းပြောကြားပြီး အစုပြည့် အသင်းသား ၃၁ ဦးအား တစ်ဦးလျှင် မြေပဲဆီသန့် တစ်ပိဿာ၊ ပေါ်ဆန်းမွှေးဆန်ချော ခြောက်ပြည်နှင့် အစုပေါ်အမြတ် ငွေကျပ် ၁၇၆၆၀၀၀ ပေးအပ်စဉ်။ အာကာလင်း

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/6880 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/3529, Nissan AD VY 12,Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးနန်းဦးလှိုင် ၁၂/ခရန(နိုင်) ၁၆၁၉၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက် မှ ရက် ၃၀အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/98836, Canda-125,M/C ယာဉ်လက်ဝယ်ရှိ သူ ဦးတင်ထွန်းဦး ၉/မတန(နိုင်) ၀၉၁၆၈၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## တံဆိပ်အမည်အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထားဆောင်ရွက် သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ခါတော်မှီဓမ္မာရုံအနီး၊ နဝရတ်လမ်းနှင့် သိင်္ဂီလမ်းကြား၊ဒုဋ္ဌဝတီလမ်း၊ အိမ်အမှတ်(စ-၁၁၀)ရှိ **ကေရီထိပ်ထား**တံဆိပ်အမည် အမှတ်အသားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး အဆိုပါတံဆိပ် အမည်အမှတ်အသားအား ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်း လျှောက်ထားနိုင်ရေး ဒေါ်လွင်မီမီသက်မှ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင် ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လွင်မီမီသက် ၉/မကန(နိုင်) ၀၇၉၅၁၈**
**ချိုတူးလမ်း၊ ရပ်ကွက်ကြီး(၇)၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ် ဃ-၃၊ ဦးပိုင်အမှတ် (၂၂၀-ခ)၊ ၆၄လမ်းX၁၁၂လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်လွင်(ခ)အိုက်ချင်၊ ဦးကျော်နိုင်တို့၏ (GP ရရှိသူ ဦးမျိုးဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၀၄၄/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လီရှာ(ခ)ဇာခြည်ထွေး ၁၃/လရန(နိုင်)၀၈၇၉၁၀၀က အမှုတွဲအမှတ်(၁၉၅၃/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၁၈

ဒေါ်ရှန်းကျီး နှင့် ဦးချစ်
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ
ဦးတွမ်မေချန်)
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(၈၈-၁၄)၊ ထွန်တုံးရပ်ကွက်နေ (ဘ)ဦးစံထွန်း၏သားဖြစ်သူ ဦးချစ် (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ရှန်းကျီး(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးတွမ်မေချန်)က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၄)၊ ဦးပိုင်အမှတ်(၄၃)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝေယံမိုး)
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2R/1776 KIA BONGO III Van (4x2) ယာဉ်လက်ဝယ်ရှိသူ B.R Best Royal Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/78573 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၁၂၈/၂၇၁-င)၊ မြေဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိမြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကျော်သူရအောင် ၁၂/ရကန(နိုင်)၀၀၃၂၄၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၁၂၈/၂၇၁-ဈ)၊ မြေဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးဇင်လတ်ဦး ၆/အမရ(နိုင်)၀၉၈၆၀၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၇၉၇/ရွာထောင်အရှေ့)၊ မြေကွက်အမှတ်(စ/၁၅၄)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေအား ၁၁-၇-၂၀၀၅ ရက်တွင် ဦးတင်မောင်မှ ဦးရွှေမန်းသို့ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး ၁၁-၃-၂၀၂၄ ရက်တွင် ဦးရွှေမန်း မှ စစ်ကိုင်းမြို့နယ်တရားရုံး၌ အဆိုပါမြေကွက်တွင် လက်ရှိနေထိုင်လျက်ရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်ဆိုခဲ့၍ ၂-၄-၂၀၂၄ ရက်တွင် ဦးရွှေမန်း(ဘ)ဦးလေးမောင် ၅/အရတ(နိုင်)၀၃၄၉၄၇ မှ ဒေါ်သိင်္ဂီမြင့် (ဘ)ဦးအုန်းမြင့် ၉/ကဆန(နိုင်)၀၅၇၄၉၂ သို့ မြေကွက်နှင့်အဆောက်အအုံ အရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ချုပ်ဆို ရောင်းချခဲ့ပြီး စာချုပ်စာတမ်း မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်သိင်္ဂီမြင့် အမည်ဖြင့် ပုဂ္ဂလိကမြေငှားဂရန်အသစ် လျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ဖခင်အမည်မှန်

မြစ်သားမြို့နယ်၊ အထက(ခွဲ)၊ ရစ်ကန်ကျောင်း Grade-11 မှ မောင်စိုင်းခန့်နိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦး ၉/မသန(နိုင်) ၁၁၀၂၅၅ ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်ဦး**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးအိုက်ထွန်း၏သား ကျွန်တော် ချင်ပန်း ၁၃/လရန(နိုင်)၀၈၁၃၅၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-264048) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၉၁၂၃၉၉၉

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်နေ ဒေါ်အုံးခင် (ဘ)ဦးကျော်မြ ၉/ပကခ(နိုင်)၀၇၅၂၁၈ က မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ (စ)ရပ်ကွက်၊ (စ)ဈေးတောင်ဘက်၊ ၅၈ လမ်း x ၁၂၆ လမ်းထောင့်၊ အကွက်(ထထ-၉) နေ ဦးမြင့်နိုင်ဦး(ဘ)ဦးအေးလွင် ၈/ဆပဝ(နိုင်)၀၆၁၆၇၃ အား ၁၄-၂-၂၀၂၂ ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် - ၁၃၃၉/၂၀၂၂ဖြင့် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာကို မိမိ၏သဘောဆန္ဒအလျောက် ယနေ့မှစ၍ ရုပ်သိမ်းကြောင်း ကြေညာပါသည်။

**ဒေါ်အုံးခင်(ဘ)ဦးကျော်မြ**
**၉/ပကခ(နိုင်)၀၇၅၂၁၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၉၇/ရွာထောင်အရှေ့)၊ မြေကွက်အမှတ်(ည/၁၂၂)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ မြေအား ၁၁-၉-၂၀၀၀ ရက်တွင် ဦးလှိုင်မျိုးမှ ဦးဝင်းနိုင်သို့ နှစ်ဦးသဘောတူ မြေကွက် အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုရောင်းချခဲ့ပြီး ၂၇-၂-၂၀၂၄ ရက်တွင် ဦးဝင်းနိုင်မှ စစ်ကိုင်းမြို့နယ်တရားရုံး၌ အဆိုပါမြေကွက်တွင် လက်ရှိနေထိုင်လျက်ရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်ဆိုခဲ့၍ ၁၈-၃-၂၀၂၄ ရက်နေ့တွင် ဦးဝင်းနိုင် (ဘ) ဦးဟန်တင် ၉/အမရ(နိုင်)၁၀၂၁၅၃ မှ ဦးဝင်းမြင့် (ဘ) ဦးပေါ်ရှိ ၉/မနတ(နိုင်)၀၁၉၈၉၂ သို့ မြေကွက်နှင့်အဆောက်အအုံ အရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ချုပ်ဆိုရောင်းချခဲ့ပြီး စာချုပ်စာတမ်းမှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းမြင့် အမည်ဖြင့် ပုဂ္ဂလိက မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍(၁၅)ရက် အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့်အမည် (၇၈၄/လင်မလိုရွှေကူ)၊မြေကွက်အမှတ် (စ/၅၃၊ စ/၅၅)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေအား တိုးချဲ့ရပ်ကွက်နှင့် ပန်းခြံများတည်ဆောက်ရေးလုပ်ငန်းဦးစီးအဖွဲ့ (စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)၏ ၂၇-၃-၁၉၉၉ ရက်စွဲပါစာအမှတ် ၅/၄၁-၈/ဦး ၆ အရ ဦးဟန်သိန်း အမည်ဖြင့် မြေနေရာချထားပေးခဲ့ပြီး ၈-၁၀-၂၀၀၈ ရက်တွင် ဦးဟန်သိန်းမှ ဒေါ်မိုမိုမြင့်၊ ၁၈-၃-၂၀၁၅ ရက်တွင် ဒေါ်မိုမိုမြင့်မှ မချိုချိုတာသို့ အရပ်ကတိစာချုပ်ချုပ်ဆို ရောင်းချခဲ့၍ ဒေါ်ချိုချိုတာမှ အဆိုပါနေအိမ်နှင့် ဝိုင်းမြေကွက်အား လွန်ခဲ့သော(၅)နှစ်ခန့်က စီမံခန့်ခွဲအကျိုးခံစားခွင့်ရှိသည်မှာ မှန်ကန်ကြောင်းကို ၅-၁၀-၂၀၂၀ ရက်တွင် စစ်ကိုင်းမြို့နယ်တရားရုံး၌ ကျမ်းကျိန်ဆိုခဲ့ပြီး ၇-၁၀-၂၀၂၀ ရက်တွင် ဒေါ်ချိုချိုတာ ၅/စကန (နိုင်)၁၉၁၄၇၁ မှ ဒေါ်နုနုယဉ် ၅/စကန (နိုင်)၂၉၄၆၉၁ သို့ မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ တရားဝင်မှတ်ပုံတင်ထားရှိပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်နုနုယဉ် အမည်ဖြင့် ပုဂ္ဂလိကမြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍(၁၅) ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည်(၇၈၄/လင်မလိုရွှေကူ)၊ မြေကွက်အမှတ်(စ/၅၇၊ စ/၅၉)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေအား တိုးချဲ့ရပ်ကွက်နှင့် ပန်းခြံများတည်ဆောက်ရေးလုပ်ငန်းဦးစီးအဖွဲ့ (စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)၏ ၂၃-၈-၂၀၀၂ ရက်စွဲပါစာအမှတ် ၅/၄၀-၈/ဦး၆ အရ ဦးမောင်မာ(NTI-၀၂၃၁၂၀) အမည်ဖြင့် မြေနေရာချထားပေးခဲ့ပြီး ၁၅-၇-၂၀၁၂ ရက်တွင် ဦးမောင်မာမှ ဦးဇော်ရှိုင်းလင်းသို့ အရပ်ကတိစာချုပ်ချုပ်ဆို ရောင်းချခဲ့၍ ဦးဇော်ရှိုင်းလင်းမှ အဆိုပါနေအိမ်နှင့် ဝိုင်းမြေကွက်အား လွန်ခဲ့သော(၆)နှစ်ခန့်က စီမံခန့်ခွဲအကျိုးခံစားခွင့်ရှိသည်မှာ မှန်ကန်ကြောင်းကို ၅-၁၀-၂၀၂၀ ရက်တွင် စစ်ကိုင်းမြို့နယ်တရားရုံး၌ ကျမ်းကျိန်ဆိုခဲ့ပြီး ၇-၁၀-၂၀၂၀ ရက်တွင် ဦးဇော်ရှိုင်းလင်း ၉/အမရ(နိုင်)၁၅၃၈၅၁ မှ ဒေါ်ချိုချိုမာ ၅/စကန(နိုင်)၁၇၈၁၅၉ သို့ နှစ်ဦး သဘောတူ မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ တရားဝင်မှတ်ပုံတင်ထားရှိပါသည်။ ယခုအခါ မြေကွက်ဝယ်ယူ ပိုင်ဆိုင်သူ ဒေါ်ချိုချိုမာ အမည်ဖြင့် ပုဂ္ဂလိကမြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍(၁၅)ရက် အတွင်း စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင် ၊ စစ်ကိုင်းမြို့**

## ဆိုင်အမည်အမှတ်တံဆိပ်အား အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၁ လမ်း၊ ၃၂ (အေ)လမ်းထောင့်နေ ဒေါ်ခိုင်မိုးဦး (ဘ) ဦးအောင်မြင့် ၅/ကနန(နိုင်)၀၈၈၆၈၂ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်-

DEAR MARY
HAIR & BEAUTY SALON

**မှတ်ပုံတင် စာချုပ်အမှတ် (၁၉၉၈/၂၀၂၄)**

ကျွန်ုပ်တို့၏ မိတ်ဆွေသည် အထက်ဖော်ပြပါ " DEAR MARY" HAIR & BEAUTY SALON ဆိုင်အမည် အမှတ်တံဆိပ်ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ ဆိုင်အမည်အမှတ်တံဆိပ်မှတ်ပုံတင် မြွက်ဟကြေညာစာတမ်း စာချုပ်အမှတ် (၁၉၉၈/၂၀၂၄) ဖြင့် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေမှ အဆိုပါ ဆိုင်အမည် အမှတ်တံဆိပ်နှင့် အမှတ်အသား (လိုဂို)ကို အသုံးပြုပြီး အဆင့်မြင့်နည်းပညာများဖြင့် **"မိတ်ကပ်- ဆံပင်အလှပြင်ပေးခြင်း၊ ဆံပင်-လျှော်-ညှပ်-ကောက်-ဖြောင့်-ဆေးဆိုးခြင်း၊ လက်သည်းခြေသည်း ဆေးဆိုးပေးခြင်း၊ ပေါင်းတင်ပေးခြင်း၊ မျက်နှာပိုင်းဆိုင်ရာ အလှပြုပြင်ပေးခြင်းအမျိုးမျိုး၊ ခန္ဓာကိုယ်အလှအပဆိုင်ရာ ဝန်ဆောင်ပေးခြင်း"**တို့ကို ဝန်ဆောင်မှုပေး လုပ်ကိုင်လျက်ရှိရာ လူအများယုံကြည်စိတ်ချနှစ်သက်စွာဖြင့် အားပေးလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့မိတ်ဆွေ၏ **"DEAR MARY "HAIR & BEAUTY SALON** ဆိုင်အမည်အမှတ်တံဆိပ်နှင့် အမှတ်အသား (လိုဂို)တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ တုပသုံးစွဲခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်တို့မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုနစ်နာကြေးငွေများတောင်းခံကာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| ဒေါ်အေးသီတာအောင် (LL.M) | ဒေါ်ဇာနည်အောင်(LL.B) | ဒေါ်သန်းသန်းဝင်း(LL.B) |
| (စဥ်-၁၂၄၈၄) | (စဥ်-၈၈၇၂) | (စဥ်-၁၁၇၀၀) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၁၀-ဃ)၊ ရဲဘော်ကွက်သစ်ရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၇၉၈၆၉၉၅၄၄၊ ၀၉-၉၇၂၇၇၈၆၂၃**

## အမည်မှန်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ မြို့ပြနှင့်အိမ်ရာ ဝန်ထမ်းအိမ်ရာ၊ တိုက်ခန်း အမှတ်(၁/၀၀၂)နေ (ဘ) ဦးထွန်းဖေ ၉/မမန(နိုင်)၀၇၁၈၇၀ ၏သမီး မတင်ရွှေ(ခ)ယင်ယင်ထွန်း၏ အမည်မှန်မှာ မယင်ယင်ထွန်း ၉/ပဥလ(နိုင်) ၀၀၄၆၅၅ ဖြစ်ပါသည်။

**မယင်ယင်ထွန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ အမှတ်(၁၃) အခြေခံ ပညာမူလတန်းကျောင်းတွင် မူလတန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော (ဘ) ဦးစောမောင်စိန် (ခ) ဦးမောင်စိန်၏သမီး ဒေါ်နော်ရှားဖော နှင့် ဒေါ်နော်သျှားဖော ၉/မမန(နိုင်) ၀၅၆၁၁၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၁)၊ ဦးပိုင်အမှတ်(၄၃-ဃ)၊ ၃၀လမ်း၊ ၈၆ x ၈၉ လမ်းကြားရှိ ဦးတီ အမည်ပေါက် ဘိုးဘမြေကွက်အား ခင်ပွန်းဖြစ်သူ ဦးတီ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၅၂၁/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ယုယုမာ ၉/မရမ(နိုင်)၀၅၇၂၄၂ က အမှုတွဲအမှတ် ၀၂၁၉/ဘ (ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း-အကွက်အမှတ်နှင့်အမည် (၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၆၄၁)၊ မြေ ဧရိယာ ၀ ဒသမ ၀၄၆ ဧကေ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာချုပ်နံပါတ်-၃၇၀/၂၀၀၂-၂၀၀၃၊ ဂရန်အမှုတွဲနံပါတ်-၃၆၅/၂၀၀၂-၂၀၀၃ အရ ဒေါ်စန်းစန်းဝင်း အမည်ဖြင့် (၁၀)နှစ်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆေဇီချင်း ၁၃/လရန (နိုင်)၂၄၅၃၉၇ က ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းဂရန်မြေကွက် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်ထက်ပိုင်(LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၃၉၇၇၁)**
**အမှတ်(၃၁၇)၊ ရောဝတီလမ်း၊ ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၅၂၆၁၂၃၅**

## အများသိရှိနိုင်ပါရန် ကြေညာခြင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်နေ ဒေါ်ရီရီမြင့်(ဘ)ဦးမောင်စိန် ၁၂/ဗဟန (နိုင်)၀၆၂၄၅၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများပြည်သူ သိရှိနိုင်ပါရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ မြို့ကွက်သစ်အပိုင်း(င)၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၁၁၆)ဟု ခေါ်တွင်သော တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ပုဏ္ဏမီ(၁)လမ်း၊ အမှတ်(၉/၁၃၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်ရ ဂရန်မြေကွက်ကို မူလအမည်ပေါက်ပိုင်ရှင်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းချမှုအရ ဝယ်ယူလက်ရောက်ရရှိခဲ့သူက နေအိမ်ဆောက်လုပ်နေထိုင်ပြီးနောက် ယင်းမြေနှင့်အိမ်ကို ပြန်လည်ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဒေါ်ရီရီမြင့် ၁၂/ဗဟန(နိုင်)၀၆၂၄၅၃ က အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူ၍ လက်ရောက်ရယူပြီး ယနေ့အထိ မိသားစုနှင့်အတူ အေးချမ်းစွာနေထိုင်လျက်ရှိပါသည်။ သို့ပါ၍ ဖော်ပြပါမြေနှင့် နေအိမ်အပါအဝင်ဆက်နွှယ်နေသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီမြင့်သာ ပိုင်ဆိုင်ခွင့်၊ လက်ဝယ်ထားခွင့်ရှိသော ပစ္စည်းများဖြစ်ပါကြောင်း အများသိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းအိဇာ LL.B., D.B.L.**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ ရောဝဏ်လမ်းမကြီး၊**
**(၆၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၈၉၃၅၁၄၅၆၄**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/1933 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/9043 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (၈၈-၂)၊ ဦးပိုင်အမှတ် (၇၉)၊ ၅၈လမ်း၊ ၁၀၇ x ၁၀၈ လမ်းကြားရှိ တောဂရန် မြေကွက် အမည်ပေါက်သူ ဗိုလ်ကြီး သန်းငွေ၏ (SP ရသူ ဦးရှမန်ဒတ်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ် (၁၃၀၄/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရု(န်)ဒါတာ ၉/မကန(နိုင်)၀၈၃၄၃၀ ကတောဂရန်စာချုပ်နှင့်အတူ အမှုတွဲ အမှတ် ၁၉၂၄/၂၀၂၄-၂၀၂၅ ဖြင့် တောမှ မြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်နေ ဒေါ်ဝင်းမာ (ဘ) ဦးတင်အောင် ၉/ရမသ(နိုင်)၀၀၁၆၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ် (MI 239873 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉-၇၅၄၈၁၇၀၀၂

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/18540 Honda PCX 150M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြို့ ၈/ခမန(နိုင်)၁၄၉၃၉၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/4235 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းကျော် ၉/မခန(နိုင်)၂၁၀၇၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/36851 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမိုးကျော် ၉/တသန(နိုင်)၂၃၄၃၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြင်းခြံ)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ် (၁၂၈/၂၇၁-ဇ )၊ မြေဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးထွန်းထွန်းကို ၉/မရတ(နိုင်) ၀၀၅၈၈၈ မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် RA-III/ကွက်ပြင်၊ ဦးပိုင်အမှတ် (၁၂၈/၂၇၁-ဠ)၊ မြေဧရိယာ ၀ ဒသမ ၀၆၇ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးသီဟဇော်(ခ)သိန်းဟန် ၁၃/သပန(နိုင်) ၀၅၀၉၉၂ မှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## အောင်မြေသာစံမြို့နယ်တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄

| | | |
|---|---|---|
| ဦးညွန့်လှိုင် | နှင့် | ဒေါ်မမကြီး |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်(၁၅၅)၊ အိမ်အမှတ်(၃၂)နေ ဒေါ်မမကြီး (AE-၀၈၁၉၂၂) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးညွန့်လှိုင်မှ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေ သာစံရပ်ကွက်၊ ၁၉ လမ်းနှင့်လမ်း ၂၀ ကြား၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြား၊ အကွက်အမှတ်(၁၂၅)၊ ဦးပိုင်အမှတ်(၂၇-ဒ)ရှိ ခဲစင်းပြနေရာ၊ မြေ ဧရိယာ ၀ ဒသမ ၀၈၉၉ ဧက အကျယ်အဝန်းရှိ မြေကွက်အား "ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်တွင် ဤရုံးတော်၏ တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

( သန္တာအေးလွင်)
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**အောင်မြေသာစံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် RA -III/ကွက်ပြင်-၃ )၊ ဦးပိုင်အမှတ် (၁၂၈ / ၂၇၁- စ )၊ မြေဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်မြင့်မြင့်ချို ၁၂/ရပသ(နိုင်)၀၇၈၀၇၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်၆/ပဒေသာ၊ ဦးပိုင်အမှတ် (၃၃၅)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန် သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဦးတင်လှ ၁၂/မဂတ(နိုင်)၀၅၅၁၇၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို ကြော်ငြာ ပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် ၃/ ပဒေသာ၊ ဦးပိုင်အမှတ် (၃၂၀)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး ) လျှောက်ထားနိုင်ရေး ဒေါ်မီမီလှိုင် ၉/မမန(နိုင်)၀၇၆၆၆၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၂၁)၊ ဦးပိုင်အမှတ်(၆)၊ ၆၆ x ၆၅ ကြား၊ ယောမင်းကြီးနှင့် ဖိုးရာဇာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ရွှေ ၉/မရတ (နိုင်)၀၁၅၈၄၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၀၅၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးနိုင်နိုင်ဦး ၉/ပကခ (နိုင်)၀၀၇၂၀၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(လ-၂)၊ ဦးပိုင်အမှတ် (၇၀/ခဲစင်း)၊ ၇၃ လမ်း၊ ၁၁၃ x ၁၁၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူဒေါ်နန်းခမ်းမွေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၃၅၅/၂၀၂၂) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရီရီနိုင် (ခ) ထက်ထက်လင်း ၉/မဟမ(နိုင်)၀၃၃၃၈၆ က အမှုတွဲအမှတ် ၁၉၂၉/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး /ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်(၁)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၁၇၈)(၅-လွှာ)(ညာ) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၆ x ၅၀)ပေရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိကဝတ်ပြုသူ ဦးချစ်မြင့် (KPG-၁၄၅၈၂၈) ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးသန်းညွန့်ထွန်း ၁၂/ဗတထ(နိုင်)၀၂၆၅၀၀ က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါရှိသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးအောင်**
**အထက်တန်းရှေ့နေ(စဉ်-၅၄၃၁၉)**
**B.A.,P.G.D.L.,D.B.L.,W.I.P.O(Switzerland)**
**အမှတ်(၃)၊ အခန်း(စီ-၆)၊ သော်ကလမ်း(င/ခ)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၈၈၇၄၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၉၈၁၂၇ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Prince Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22U/3182 BAJAJ 200(200CC) 3 Wheel Vehicle ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟေမာန်စိုး ၁၃/တကန(နိုင်)၂၅၁၁၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၇)၊ ဦးပိုင်အမှတ်(၅၂)၊ ၆၄ x ၆၅ ကြား၊ ယောမင်းကြီးနှင့် သခင်ဖိုးလှကြီးလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကိုကိုဦး ၉/မနမ(နိုင်)၀၈၈၇၀၇၊ ဒေါ်သိန်းသိန်းဦး ၉/မနမ(နိုင်)၀၈၅၆၇၈တို့ ၏အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၉၁၉၆/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအိုက်ပန်း ၁၃/မရတ(နိုင်)၀၀၇၈၈၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၇)၊ ဦးပိုင်အမှတ်(၅၃)၊ ၆၄ x ၆၅ ကြား၊ ယောမင်းကြီးနှင့် သခင်ဖိုးလှကြီးလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကိုကိုဦး ၉/မနမ(နိုင်)၀၈၈၇၀၇၊ ဒေါ်သိန်းသိန်းဦး ၉/မနမ(နိုင်)၀၈၅၆၇၈ တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၁၉၆/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအိုက်ပန်း ၁၃/မရတ(နိုင်)၀၀၇၈၈၈ က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၃)၊ ဦးပိုင်အမှတ်(၈၂)/၁၁၂ x ၁၁၃ လမ်းကြား၊ ၇၁ x ၇၂ လမ်းကြားရှိ မြေကွက်အား ဂရန်အမှုတွဲအမှတ်(၁၃၈၀/၉၀-၉၁)အရ ဦးစိုးသိန်း (BU-၁၃၇၃၀၇) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန်နှင့် မြေချထားမိန့်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံး နေကြောင်း ရဲစခန်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ ဂရန်စာချုပ်တို့တင်ပြ၍ ဦးအောင်မြင့်စိုး ၉/မခန(နိုင်)၁၅၄၀၅၃ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(လ-၂)၊ ဦးပိုင်အမှတ်(၅၈)၊ ၇၃ x ၇၄ ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်ဇော်ဦး ၅/ကလန(နိုင်)၀၀၁၉၀၇ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၈၆၂/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်သန်း ၁၃/နခန(နိုင်)၀၆၀၁၆၁ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်း(၂၀၄)ဟု ခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးလှသိန်း ၁၂/အစန(နိုင်)၀၄၈၅၂၄ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဖြိုးဖြိုးအိက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၄၉)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
